# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ပြာဟ္မဏ**

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ပြာဟ္မဏဟု ငါဘုရားဟော၏။

ပြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံရေတပ် အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို လိုလားပြီး အာဆီယံအဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting) သို့ တက်ရောက်ကြမည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ➜

ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၁) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

# သတိပြု တိုက်ဖျက်ကြရမည့် တရားမဝင်ကုန်သွယ်မှု

တရားမဝင်ကုန်သွယ်မှုများကို တိုးမြှင့်ဖမ်းဆီးရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၄) တွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌက တိုက်တွန်းပြောကြားသွားခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ ၃၂ လတာ ကာလအတွင်း အမှုတွဲ ၁၄၆၅၉ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀ ဒသမ ၀၂၈ ဘီလီယံ ဖမ်းဆီးရမိခဲ့ရာ နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍဖြင့်ကြည့်ပါက ယင်းပမာဏမှာ အနည်းငယ်မျှသာ ဖြစ်နေသည်။

တရားမဝင်ကုန်သွယ်မှုသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်ပြီး နိုင်ငံအသီးသီးတို့အတွက် အန္တရာယ်တစ်ခုဖြစ်သော်လည်း မည်သည့်နိုင်ငံတွင်မျှ အမြစ်ပြတ်အောင် မရှင်းလင်းနိုင်သေးသည့် ပြဿနာတစ်ခုဖြစ်သည်။ မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေခံမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို မြှင့်တင်ပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရန်ဖြစ်ပြီး နိုင်ငံ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးရန်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များမှာ ဆိုးကျိုးများသာဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင်ရော၊ ပြည်သူများ၏ လူမှုစီးပွားရေးကဏ္ဍအပေါ်တွင်ပါ သက်ရောက်မှုကြီးမားကျယ်ပြန့်သည်။ အခြားနိုင်ငံများမှ တရားမဝင် တင်သွင်းလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် ဈေးပေါပေါဖြင့် တင်သွင်းလာသည့် ကုန်စည်အမျိုးမျိုးတို့ကြောင့် ပြည်တွင်းစိုက်ပျိုး၊ မွေးမြူ ကုန်ထုတ်လုပ်မှုနှင့် MSME လုပ်ငန်းများကို နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေသည်။ တစ်နည်းအားဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတား၊ အနှောင့်အယှက်ဖြစ်ပေါ်စေမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ၏ အမှာစကားပြောကြားချက်တွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံဖြတ်ကျော် မဟာမိတ်အဖွဲ့၏ အစီရင်ခံစာပါ "လွတ်လပ်သည့်ကုန်သွယ်မှုဇုန် – Free Trade Zones (FDZs) များအနေဖြင့် တရားဝင်ကုန်သွယ်မှုမြှင့်တင်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်အတွက် အထူးဒေသများအဖြစ် လွတ်လပ်စွာကုန်သွယ်မှုပြုထားသော်လည်း ပြန်လည်သုံးသပ်မှုများအရ တရားမဝင်ကုန်သွယ်မှုအတွက် အထူးစိုးရိမ်စရာ နေရာများဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ မိမိတို့၏ သီလဝါအထူးစီးပွားရေးဇုန်တွင်လည်း တရားဝင်ကုန်ပစ္စည်းတင်သွင်းခွင့် ရရှိမှုအပေါ် ကျော်လွန်၍ တရားမဝင်ကုန်သွယ်မှု ပြုလုပ်ခြင်းအပါအဝင် နိုင်ငံအတွင်း ထုတ်လုပ်ဖြန့်ဖြူးခွင့်ရရှိမှုအပေါ် အချို့သော FDI များက ကုန်ထုတ်လုပ်မှုအား ဟန်ပြသာဆောင်ရွက်၍ ပြည်ပမှပင် ကုန်ပစ္စည်းများကို ဈေးပေါပေါဖြင့် တင်သွင်းဆောင်ရွက်နေခြင်းများကိုလည်း သတိပြုတိုက်ဖျက်ရမည်ဖြစ်ကြောင်း၊ ကျန်ဆောင်ရွက်ဆဲ အထူးစီးပွားရေးဇုန်များမှတစ်ဆင့် ပြည်တွင်းစက်မှုဇုန်များ၌လည်း အထက်ပါကိစ္စရပ်များမဖြစ်ပေါ်စေရေး ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း" ထည့်သွင်းမှာကြားခဲ့ခြင်းမှာလည်း အထူးသတိပြုဖွယ်ပင်ဖြစ်သည်။

အထူးစီးပွားရေးဇုန်များ တည်ထောင်ရာတွင် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အဓိကရည်မှန်းချက်များကို အထောက်အကူပြုရန်၊ ပြည်သူများ အလုပ်အကိုင်ရရှိရန်၊ လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊ ပြည်ပပို့ကုန်တိုးတက်စေရန်နှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန်၊ နိုင်ငံအတွင်း စက်မှု၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိနိုင်ငံနှင့် အခြားနိုင်ငံများအကြား စက်မှုလုပ်ငန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုနှင့် ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ နိုင်ငံသားများ အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများရရှိစေရန်၊ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အခြေခံကောင်းများ တည်ဆောက်ခြင်းဖြင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်း၊ ဆွဲဆောင်ခြင်းပြုရန်၊ အထူးစီးပွားရေးဇုန်တွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးပြီး အထူးစီးပွားရေးဇုန်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ စက်မှုလုပ်ငန်းများအကြား ချိတ်ဆက်ဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရန်ဟူသော ရည်ရွယ်ချက်များ ကျယ်ကျယ်ပြန့်ပြန့် ထားရှိခြင်းဖြစ်သည်။

အထူးစီးပွားရေးဇုန်များတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြသည့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူများသည် တရားဝင်ကုန်ပစ္စည်းတင်သွင်းခွင့်၊ နိုင်ငံအတွင်း ထုတ်လုပ်ဖြန့်ဖြူးခွင့်တို့ကို ခွင့်ပြုထားသည့်အတိုင်းသာ ဆောင်ရွက်ကြရမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုကို ဟန်ပြသာဆောင်ရွက်ပြီး ပြည်ပမှ ကုန်ချောပစ္စည်းများ ဈေးပေါပေါဖြင့် တင်သွင်း၍ ခွင့်ပြုချက်ကျော်လွန် လုပ်ကိုင်မှုများကို သတိပြုတိုက်ဖျက်ခြင်းဖြင့် လွတ်လပ်သည့် ကုန်သွယ်မှုဇုန်အခွင့်အရေးများ အလွဲသုံးစားပြုကာ တရားမဝင်ကုန်သွယ်မှုများ ပြုလုပ်ခြင်းကိုလည်း ဖော်ထုတ်အရေးယူ ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် ( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၁၀ - ၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၅၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၀၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၀၇၃ | ၃၂၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇– ၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

## ❖ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အာဆီယံဒေသအတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဗာတ်တိုက်လေ့ကျင့်ခြင်းများကို ပူးပေါင်းဆောင်ရွက်သင့်သည့်အခြေအနေများဆွေးနွေး

❍ *ရွှေဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်ကြမည့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အာဆီယံဒေသအတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဗာတ်တိုက်လေ့ကျင့်ခြင်းများကို ပူးပေါင်းဆောင်ရွက်သင့်သည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအတွေ့အကြုံများကို အပြန်အလှန်ဖလှယ်နိုင်ရေးကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အာဆီယံရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နိုင်ငံအလိုက် တစ်ဦးချင်းမိတ်ဆက်ကြပြီး အစည်းအဝေးလာရောက်စဉ်နှင့် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်စွာဖြင့် စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အာဆီယံရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

**ကျေးဇူးတင်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို လိုလားကြောင်း၊ ဆက်လက်၍ အာဆီယံအဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မြဲအောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်လာကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းက မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးရေး တစ်တပ်တစ်အား အထောက်အကူပြုနိုင်မည့်လေကြောင်းနှင့် အာကာသပညာဆိုင်ရာ အင်ဂျင်နီယာများကို မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)နှင့်အညီ မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ ပြည်သူ့အကျိုးပြု အင်ဂျင်နီယာလူငယ်ကောင်းများ ပေါ်ထွန်းလာရေး ကျောင်းသားများ ဗလငါးတန်နှင့် ပြည့်စုံရေး၊ အင်ဂျင်နီယာပညာဒဿနအမြင်၊ အသိပညာဆန်းစစ်လေ့လာတွေးခေါ်မှု၊ ကျင့်ဝတ်လိုက်နာမှုစသော အင်ဂျင်နီယာအရည်အချင်းများ ပြည့်ဝစေရေးအတွက် ပျိုးထောင်ပေးရန်၊ သုတေသနကွန်ရက်များကို စနစ်တကျဖွဲ့စည်းကာ နိုင်ငံ့အကျိုးပြုသုတေသန စီမံကိန်းများဖြင့် ရှင်သန်သက်ဝင်နေသော ရပ်ဝန်းကောင်းဖြစ်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းများ၏ အခက်အခဲလိုအပ်ချက် တင်ပြမှုများအပေါ် ဖြေရှင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လေကြောင်းနှင့် အာကာသပညာပြခန်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ လူထုအခြေပြု ပရဟိတရန်ပုံငွေ "ယဉ်ကျေးဖလှယ် စုပေါင်းညီညာ၊ ဤကမ္ဘာ" အစီအစဉ်ဖြင့် လှူဒါန်းထားသည့် ကမ္ဘာ့ပထမဆုံး အာကာသယာဉ်မှူးဖြစ်သည့် ယူရီဂါဂါရင် အထိမ်းအမှတ်ရုပ်တုနှင့် Vostoak 1 အာကာသယာဉ်ဆိုင်ရာ ပြသထားမှု၊ ကျောင်းသားများ၏ လေကြောင်းနှင့် အာကာသဆိုင်ရာ သုတေသနများနှင့် အခြားပြသထားမှုများ၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ဘောလုံးကွင်းနှင့် တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ)သို့ ရောက်ရှိပြီး ပထမနှစ် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ Drawing ဘာသာရပ်နှင့် ပထမနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ Building Material and Construction ဘာသာရပ်တို့ကို စိတ်ရှင်လန်းချမ်းမြွေစွာ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်နှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။ (ဝဲပုံ)

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျောင်းအုပ်ကြီး၏ Master Plan ရှင်းလင်းတင်ပြမှုအပေါ် ဇုန်အလိုက် ပြင်ဆင်ဆောင်ရွက်ရန်များကို မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာမေးပွဲဖြေဆိုမှုပြီးစီး၍ ပြန်လည်ထွက်ခွာလာကြသည့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဖြေဆိုနိုင်မှုအခြေအနေများကို မေးမြန်းကာ နိုင်ငံတော်ကို အမှန်တကယ် အလုပ်အကျွေး ပြုနိုင်သည့် နည်းပညာရည် ပြည့်ဝသော ပညာရှင် လူငယ်ကောင်းများ ဖြစ်စေရေး ရည်မှန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံမှ ဒုတိယအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ဘရူနိုင်းနိုင်ငံ ယာယီရေတပ်ဦးစီးချုပ် Captain Haji Mohamad Sarif Pudin Bin Matserudin၊ ကမ္ဘောဒီးယား ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Sam Sokha၊ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanthong Bouttavong၊ ဗီယက်နမ်ပြည်သူ့ရေတပ် ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Pham Nhu Xuan၊ ထိုင်းဘုရင့်တပ်မတော်ရေတပ်ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ် Vice Admiral Puchong Pradittheera၊ တော်ဝင်မလေးရှားရေတပ် နိုင်ငံတကာဆက်ဆံရေးဌာနညွှန်ကြားရေးမှူး Captain Mohd Irwan Bin Che Mohd Rani RMN၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားစစ်သံမှူး Captain (Navy) Taufiq Darlem,S.T၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်စစ်သံမှူး Colonel Jose P Navarro JR PA(MNSA) နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ ရွေးချယ်ထားသည့်ခေါင်းစဉ်မှာ "ငြိမ်းချမ်းကြွယ်ဝသောဒေသဆီသို့ တက်ညီလက်ညီလှော်ခတ်ခြင်း" ဖြစ်ပြီး မိမိတို့၏ တူညီသော ရည်မှန်းချက်အမြင်နှင့် စုပေါင်းစိတ်ဓာတ်ကို အကောင်အထည်ဖော်ရန်ဖြစ်သဖြင့် လက်ရှိအခြေအနေများနှင့် အလွန်လိုက်ဖက်ကြောင်း၊ အာဆီယံဒေသရေပြင်သည် အာဆီယံနိုင်ငံများအတွင်း မှီတင်းနေထိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့် ရပ်ဝန်းဖြစ်သည့်အတွက် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်ပြီး အာဆီယံ ရေပြင်များအတွင်း အခြားပြင်ပစွက်ဖက်မှုများမရှိစေရေး ပိုမိုသတိထားဆောင်ရွက်သင့်ကြောင်း၊ မိမိတို့အာဆီယံပင်လယ်ပြင်တွင် ဒေသတွင်းရေကြောင်းဘေးကင်းလုံခြုံမှုနှင့် တည်ငြိမ်ရေးတို့အတွက် အာဆီယံရေတပ်များအကြား အတူတကွ လက်တွဲပြီး ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။


ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)သည် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်လာကြသည့်အာဆီယံရေတပ် အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ထံသို့ အာဆီယံရေတပ်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) မှ 18th ASEAN Navy Chief's Meeting အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များအား နေပြည်တော်လေဆိပ်၌ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်အေးမင်းထွေး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chief's Meeting (18th ANCM) သို့တက်ရောက်ရန် အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံမှ ဒုတိယအကြိမ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chief's Meeting (18th ANCM)သို့ တက်ရောက်ရန် ဘရူနိုင်းနိုင်ငံ ယာယီရေတပ်ဦးစီးချုပ် Captain Haji Mohamad Sarif Pudin Bin Matserudin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Sam Sokha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Pham Nhu Xuan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံတပ်မတော်မှ ဒုတိယကြည်းတပ်ဦးစီးချုပ် Major General Vanthong Bouttavong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံရေတပ်မှ Vice Admiral Puchong Pradittheera ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံရေတပ်မှ Captain Taufiq Darlem ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံရေတပ်မှ Captain Mohd Irwan Bin Che Mohd Rani ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဖိလစ်ပိုင်နိုင်ငံရေတပ်မှ Colonel Jose P Navarro ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် အောက်တိုဘာ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြရာ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ် အေးမင်းထွေး၊ တပ်မတော်(ရေ)မှအရာရှိကြီးများနှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကင်းမြို့နယ်ရှိ စာကြည့်တိုက်များအတွက် ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ စာတည်းမှူးချုပ်များ၊ စာတည်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ The Global New Light of Myanmar သတင်းစာတိုက် အထွေထွေမန်နေဂျာ က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ပူးပေါင်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သတင်းစာများအနေဖြင့် လက်ရှိအစိုးရ၏ ရပ်တည်ချက်များ၊ မူဝါဒများနှင့်အညီ လုပ်ငန်းများကို ယခုကဲ့သို့ အမှားအယွင်းနည်းပါးစွာဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်၊ သတင်းစာများ၏ အသွင်သဏ္ဌာန်၊ အနှစ်သာရများကို အစဉ်အမြဲ တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်ခြင်းဖြင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အားထားရာ သတင်းစာများဖြစ်စေရန်၊ သတင်းများ စုစည်းရွေးချယ်ရာတွင် နိုင်ငံရေးအမြင်ရှိရန်၊ သတင်းစာလုပ်ငန်း၏သဘောသဘာဝအရ လုပ်ငန်းများကို အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် The Global New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ရန်ကင်းမြို့နယ် အမှတ် (၄) ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်နှင့် အမှတ်(၅)ရပ်ကွက်ရှိ ရန်ကင်းဂုဏ်ရည် စာကြည့်တိုက်တို့သို့ရောက်ရှိပြီး စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

### ဝိုင်းဝန်းကြိုးပမ်း

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ စာပေဖတ်ရှုမှုအဆင်ပြေစေရေး အတွက် စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးရန်၊ သတင်းအချက်အလက်များ မှန်ကန်စွာ သိရှိစေရန်အတွက် သတင်းစာ၊ ဂျာနယ်များ ထားရှိပေးရေးနှင့် လူငယ်များ စာကြည့်တိုက်သို့ဝင်ထွက်သွားလာ၍ စာအုပ်၊ စာစောင်များ လေ့လာဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုရုံသာမက မိမိတို့ရရှိလာသည့် အသိပညာ၊ ဗဟုသုတများကို ပြန်လည်ဆွေးနွေးခြင်း၊ မျှဝေခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်ပေးရန်နှင့် စာကြည့်တိုက်ကို ယခုထက်ပိုမို တိုးတက်ကောင်းမွန်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှတ်(၄)ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်နှင့် အမှတ်(၅)ရပ်ကွက်ရှိ ရန်ကင်းဂုဏ်ရည် စာကြည့်တိုက်တို့အတွက် ထောက်ပံ့ငွေ၊ စာကြည့်တိုက်သုံးပစ္စည်းများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်သို့ရောက်ရှိပြီး စာပေဗိမာန် စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ **"စာပေမြင့်မှ လူမျိုးမြင့်မည်"၊ "အမှောင်ခွင်း၍ အလင်းဆောင်အံ့"** ဆိုသည့် စာပေဗိမာန်၏ဆောင်ပုဒ်နှင့်အညီ စာဖတ်ရှိန်မြှင့်တင်ရေးကို အလေးထား ဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမှတ်(၅)ရပ်ကွက်ရှိ ရန်ကင်းဂုဏ်ရည်စာကြည့်တိုက်အတွက် ထောက်ပံ့ငွေ၊ စာကြည့်တိုက်သုံးပစ္စည်းများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

## ကော့မှူး၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှု

**ကော့မှူး အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း မြို့နယ်စာရင်းစစ်စာရင်းကောက် လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုကြသည်။ (ဓာတ်ပုံ)



ကွင်းဆင်း ကြည့်ရှုရာတွင် သန်းခေါင်စာရင်းကောက်များက လူဦးရေနှင့် အိမ်အကြောင်းအရာ စာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာများအတွင်း အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာများ မေးမြန်းကောက်ယူနေမှုများကို မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးစည်သူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဇော်ဖြိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြဇော်ဦးတို့က လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ (ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၀**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❁ *ကျောဖုံးမှ*

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄)ကို ၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရေးပါသည့် ဆုံးဖြတ်ချက်များချမှတ်ခဲ့ကာ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ လုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ကျင်းပရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာစေရန်နှင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်ရေး၊စားသောက်ကုန်များကိုသာမက အခြား လူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ပြီး ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်ရေး၊ ပြည်တွင်းထုတ်လုပ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်သွားနိုင်ရေး၊ အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို အာရုံစိုက်ပြီး စိုက်ပျိုးမှုမှသည် အဆင့်မီအထည်အလိပ်ထုတ်လုပ်ခြင်းအထိ ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ရန်၊ လုပ်ငန်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများက တွန်းအားပေး လုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

**ဒေသအလိုက် MSME စီးပွားရေးလုပ်ငန်း၏ GDP ပါဝင်နှုန်း**

နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် တိုင်းပြည်၏ အဓိကမောင်းနှင်အားမှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးတွင် MSME သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ဒေသအလိုက် MSME စီးပွားရေးလုပ်ငန်း၏ GDP ပါဝင်နှုန်းကို ကြည့်မည်ဆိုပါက အရှေ့တောင်အာရှနိုင်ငံများတွင် ပျမ်းမျှ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြား၊ အာဆီယံနိုင်ငံများ၏ ၃၉ ရာခိုင်နှုန်းနှင့် OECD နိုင်ငံများတွင် ၄၁ ဒသမ ၅၈ ရာခိုင်နှုန်း ပါဝင်ပြီး အလုပ်အကိုင်ရာဖွေဖော်ထုတ်ပေးနိုင်မှုအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများ၌ ၆၆ ဒသမ ၈၇ ရာခိုင်နှုန်း၊ အာဆီယံနိုင်ငံများ၌ ၇၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် OECD နိုင်ငံ၌ ၆၂ ဒသမ ၂၅ ရာခိုင်နှုန်း ရှိကြောင်း ထုတ်ပြန်ချက်များအရ သိရှိရကြောင်း။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်(၂) ရပ်ဖြစ်သည့် “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”၊ အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် “ တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေး” တို့ကို နိုင်ငံတော်၏ မျှော်မှန်းချက်များအဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ကို ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့် အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ကို စီးပွားရေးဦးတည်ချက် (၃) ချက်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းထုတ်ကုန်အားပေးရေး၊ သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်ရရှိရေးဆိုသည့် အချက် (၃) ချက်ဖြင့် ရည်ရွယ်ပြီး MSME အားပေးမြှင့်တင်ရေးအစီအစဉ်များ ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် MSME စီးပွားရေးလုပ်ငန်း အကောင်အထည်ဖော်မှုတွင် နိုင်ငံ၏ GDP ပါဝင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိသာ ခန့်မှန်းပါဝင်လျက်ရှိနေသေးသဖြင့် GDP ပါဝင်မှုအချိုး တိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် MSME လုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ MSME အေဂျင်စီများက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်များ၏ အနီးကပ် ဦးဆောင်လမ်းညွှန်မှုဖြင့် စုပေါင်းဆွေးနွေးပြီး နည်းလမ်းများဖော်ထုတ်၍ မိမိတို့၏ OROP မှတစ်ဆင့် MSME စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်နေကြရမည်ဖြစ်ကြောင်း။

MSME စီးပွားရေးလုပ်ငန်းအပါအဝင် မည်သည့် စီးပွားရေးလုပ်ငန်းမျိုးမဆို အခြေခံလိုအပ်ချက်မှာ နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ကုန်ကြမ်း၊စက်ပစ္စည်းနှင့် မြေနေရာလိုအပ်ချက်တို့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေး လုပ်ငန်းအကောင်အထည်ဖော်ရမည့် အထူးစီးပွားရေးဇုန်များ၊ ပြည်တွင်းစက်မှုဇုန်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ(၂၀၂၄)နှင့် နည်းဥပဒေ(၂၀၁၅) တို့နှင့် စက်မှုဝန်ကြီးဌာန စက်မှုဇုန်နည်းဥပဒေများ (၂၀၂၃) တို့ကို ထုတ်ပြန်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဥပဒေ၊ နည်းဥပဒေများပါ အချက်အလက်များသည် မြေနေရာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရှာဖွေရရှိမှုတို့အတွက် များစွာအထောက်အကူပြုစေမည့် လမ်းညွှန်ချက်များ၊ နည်းပညာရရှိရေးနှင့် သင်ယူလေ့လာနိုင်ရန် ကျွမ်းကျင်လုပ်သားများ၊ အခြေခံလုပ်သားများ လိုအပ်ချက်ရရှိရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများပါရှိပြီး ယင်းနည်းလမ်းများ ရရှိနိုင်ရေး လမ်းညွှန်မှုပေးမည့် ဌာနဆိုင်ရာများကလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အေဂျင်စီများက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တိုက်တွန်းလိုကြောင်း။

**MSME စီးပွားရေးလုပ်ငန်းအတွက် သင်တန်းများကို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်**

ယနေ့အထိ နိုင်ငံတစ်ဝန်း MSME များကို အားဖြည့်ပေးနေသည့် စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်၊ စက်မှုရပ်ကွက်များ တည်ရှိမှုကို ကြည်မည်ဆိုပါက နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ ၁၀၂ ခု၊ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ ၄၇၁၁၉ ခု၊ စက်မှုဇုန်၊ စက်မှုရပ်ကွက် ၃၃ ခု၊ အထူးစီးပွားရေးဇုန် (၃) ခုအပါအဝင် ရေနက်ဆိပ်ကမ်း (၂) ခု လျာထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က KG+9 အောင်မြင်ပြီးသူများကို Vocational Training ပေးပြီး အခြေခံလုပ်သားဘဝမှ ကျွမ်းကျင်လုပ်သားဖြစ်စေရေး၊ သာမန်အတန်းပညာတက်မြောက်သူနှင့် လုံးဝစာမတတ်မြောက်သူများကိုလည်း လက်တွေ့နယ်ပယ်အလိုက် အသုံးပြုကြရမည့်အခြေခံလုပ်သား၊ ကျွမ်းကျင်လုပ်သားများဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးရမည်ကို လမ်းညွှန်မှာကြားထားကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန ၁၀ ခုမှ ကာလတို၊ ကာလရှည်သင်တန်း ၂၆၀ ခုရှိရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ သင်တန်းအမျိုးအစားပေါင်း ၃၈၇ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်လှစ်ပြီးအကြိမ်အရေ (၅၅၁၂) ကြိမ်၊ တက်ရောက်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်းဦးရေ ၁၁၇၁၁၈ ဦး၊ တက်ရောက်ဆဲ သင်တန်းသား သင်တန်းသူ စုစုပေါင်းဦးရေ ၈၇၅ ဦး ရှိပြီးဖြစ်ကြောင်း၊ ယင်းသင်တန်းများကို အနာဂတ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနေမည်ဖြစ်သကဲ့သို့ စက်မှုဝန်ကြီးဌာန၏ Website တွင်လည်း MSME ခေါင်းစဉ် Link ဖြင့် ဝန်ကြီးဌာနများမှ MSME စီးပွားရေးလုပ်ငန်းအတွက် လေ့ကျင့်သင်ကြားပေးနိုင်သော သင်တန်းများကို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း။

MSME စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ အောင်မြင်ဖြစ်ထွန်းလာစေရေး အားပေးမြှင့်တင်မှုမူဘောင်နှင့် စပ်လျဉ်း၍ MSME စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာအောင်မြင်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကိုယ်စားဖွဲ့စည်းပေးထားသည့် လုပ်ငန်းကော်မတီ၏ယန္တရားသည် မြန်ဆန်မှန်ကန်သောအုပ်ချုပ်မှုပုံစံ(Efficient Governance) ဖြစ်ရန်လိုအပ်ပြီး မြန်ဆန်မှန်ကန်သော အုပ်ချုပ်မှုပုံစံ (E.G) က လက်တွေ့နယ်ပယ်လိုအပ်ချက်များကို အခြေခံပြီး စနစ်တကျရွေးချယ်အထောက်အကူပြုဆောင်ရွက်ပေးခြင်း(Selective Intervention) နှင့် ဈေးကွက်တုံ့ပြန်မှုနှင့် လုပ်ငန်းဖော်ဆောင်မှု အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးခြင်း (Adaptive Service Provision) စသည့် စံနှုန်းသတ်မှတ်ချက်ထားရှိ၍ MSME လုပ်ငန်းကို အထောက်အကူပြုပေးရမည်ဖြစ်ကြောင်း။

**မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်**

လုပ်ငန်းကော်မတီအနေဖြင့် Agency အလိုက် ဘက်စုံကဏ္ဍစုံဖြည့်ဆည်းပေးရန် ယေဘုယျမှန်ကန်သော်လည်း လူသားအရင်းအမြစ်နှင့် ငွေကြေးအပါအဝင် သွင်းအားစုများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ အဓိကသွင်းအားစုများကို မှန်ကန်သော နေရာများတွင် မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်ကိုလည်း ပြည်တွင်းပြည်ပ ဈေးကွက်သုတေသနများ MSME လုပ်ငန်းများအလိုက် စစ်တမ်းများကို စနစ်တကျအသုံးချပြီး လုပ်ငန်းမြှင့်တင်ရန်ကိစ္စ၊ ဝန်ဆောင်မှုပေးရန်ကိစ္စနှင့် လိုအပ်ချက်အရ လမ်းညွှန်တည့်မတ်ပေးရန် စသည့်ယန္တရားများကို Agency များက မှန်ကန်စွာရွေးချယ်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စီးပွားရေးကဏ္ဍ၏ အခြေအနေအရပ်ရပ်သည် အမြဲတစေ အပြောင်းအလဲမြန်ဆန်ပြီး ကြိုတင်ခန့်မှန်းရန် ခက်ခဲခြင်း၊ နေရာဒေသနှင့် အချိန်ကာလပေါ်မူတည်ပြီး ပြောင်းလဲနိုင်ခြင်းတို့ကြောင့် Agency များကလည်း ပြောင်းလဲဖြစ်ပေါ်တတ်သည့်ဈေးကွက်တုံ့ပြန်မှုအရ အလားအလာရှိသောလုပ်ငန်းများ၌ ကြုံတွေ့ရသည့်အခက်အခဲများကို လိုအပ်သလို ပြောင်းလွယ်ပြင်လွယ် ကူညီလမ်းညွှန်ပေးနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

Selective Intervention နှင့် Adaptive Service Provision ၏ အဓိကလိုအပ်ချက်မှာ သတင်းအချက်အလက်များ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရယူအသုံးပြုနိုင်ခြင်းကလည်း အရေးကြီးပြီး ရနိုင်သည့် သတင်းအချက်အလက်များအား လုပ်ငန်းကော်မတီယန္တရားမှ ဖွဲ့စည်းပေးထားသည့် စစ်တမ်းကောက်ယူခြင်းနှင့် သုတေသနပြုလုပ်သည့်လုပ်ငန်းခွဲနှင့် စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းခွဲများကို အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းခွဲများ၏ အရည်အချင်းနှင့် လုပ်နိုင်စွမ်းအားကို လိုအပ်ချက်များနှင့်အညီ ကိုက်ညီအောင်လေ့ကျင့်သင်ကြားမှုများဖြင့် စနစ်တကျ မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားမှုတွင် မိမိတို့ ယန္တရား၏ လိုအပ်ချက်အရ လေ့ကျင့်ပေးရမည့်မွမ်းမံသင်တန်းများရှိသကဲ့သို့ MSME လုပ်ငန်းများ လက်တွေ့လုပ်ကိုင်နေသောစက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများမှ

*စာမျက်နှာ ၇ သို့*

❑ **မိမိတို့နိုင်ငံအနေဖြင့် MSME စီးပွားရေးလုပ်ငန်းအကောင်အထည်ဖော်မှုတွင် နိုင်ငံ၏ GDP ပါဝင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိသာ ခန့်မှန်းပါဝင်လျက်ရှိနေသေးသဖြင့် GDP ပါဝင်မှုအချိုး တိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် MSME လုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ MSME အေဂျင်စီများက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်များ၏ အနီးကပ်ဦးဆောင်လမ်းညွှန်မှုဖြင့် စုပေါင်းဆွေးနွေးပြီး နည်းလမ်းများဖော်ထုတ်၍ မိမိတို့၏ OROP မှ တစ်ဆင့် MSME စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်နေကြရမည်ဖြစ်**

❑ **MSME စီးပွားရေးလုပ်ငန်းအပါအဝင် မည်သည့် စီးပွားရေးလုပ်ငန်းမျိုးမဆို အခြေခံလိုအပ်ချက်မှာ နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာလိုအပ်ချက်တို့ပင်ဖြစ်၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းအကောင်အထည်ဖော်ရမည့် အထူးစီးပွားရေးဇုန်များ၊ ပြည်တွင်းစက်မှုဇုန်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ (၂၀၂၄)နှင့် နည်းဥပဒေ(၂၀၁၅) တို့နှင့် စက်မှုဝန်ကြီးဌာန စက်မှုဇုန်နည်းဥပဒေများ(၂၀၂၃)တို့ကို ထုတ်ပြန်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၆ မှ*

အခြေခံနှင့်ကျွမ်းကျင်လုပ်သားများတွင် လိုအပ်သည့် လုပ်ငန်းနှင့်ကိုက်ညီမည့် သင်တန်းများကိုလည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ထို့ပြင် ယခင်လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်ထောင်စုအဆင့် MSMEs အားပေးမြှင့်တင်ရေး အစီအစဉ်ရေးဆွဲထားရှိရန် လိုအပ်ပြီး OROP နှင့်ပတ်သက်၍ အမြဲလေ့လာသုံးသပ်နေရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီ ဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် "ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ" ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးပေးစေလိုကြောင်း။

**MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်**

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကာ

- **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကာ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်လို**

MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသူများအားလုံးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီချိတ်ဆက်ဆောင်ရွက်ပေးရမည့်အချက်များကို လက်တွေ့ကျကျ ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာချာလီသန်းတို့က နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် ဝါချည်ထည်နှင့် ဆီထွက်သီးနှံလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒနှင့်အညီ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာအချက်အလက်များ၊ ငွေကြေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံတန်ဖိုးမြှင့် ထုတ်ကုန်များနှင့် OROP လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့်အသင်းအဖွဲ့များမှ ပညာရှင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲများတွင် MSMEs ထုတ်ကုန်များ ပါဝင်ပြသခဲ့မှု၊ သက်မွေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်း ပြည်ပဈေးကွက်သုတေသနလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ မူဘောင်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရွှေတောင်မြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်းသုံး အရေးပေါ်ဆန် အရန်ရိက္ခာ (APTERR) အစီအစဉ်(၃)အရ ကိုရီးယားနိုင်ငံမှ လှူဒါန်းသော ဆန်အိတ်များ ထောက်ပံ့ပေးအပ်

**ရွှေတောင် အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရွှေတောင်မြို့ မြို့နယ်ခန်းမ၌ အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းက ရွှေတောင်မြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်းသုံးအရေးပေါ် ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်(၃)အရကိုရီးယားနိုင်ငံမှ လှူဒါန်းသောဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှန်တကယ် ဆန်ရိက္ခာလိုအပ်နေသော ပြည်သူများထံသို့ အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ဖြန့်ဝေနိုင်အောင် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည့် အာဆီယံအပေါင်းသုံး အရေးပေါ်အရန်ဆန်ရိက္ခာ (APTERR) အစီအစဉ်သည် ရေဘေးသင့်ပြည်သူများကို တိုက်ရိုက်အကျိုးပြုသောအစီအစဉ်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့်အတွက် ဇူလိုင်လနှင့် ဩဂုတ်လများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ရေဘေးသင့်ခဲ့သည့် ရွှေတောင်မြို့နယ်မှ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၁၁ စုရှိ အိမ်ထောင်စု ၁၀၅၈၊ လူဦးရေ ၃၅၂၂ ဦးအတွက် ဆန်အိတ် ၃၂၁ အိတ်အား အကူအညီအထောက်အပံ့အဖြစ် ဖြန့်ဝေခြင်း အစီအစဉ်အရ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေတောင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်သည့် ရပ်ကွက် သုံးခုအတွက် ဆန်အိတ်များကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွန်းတို့က ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာအုပ်စုများအတွက်လည်းကောင်း ဆန်အိတ်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်မှု



အပေါ် ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး ကိုရီးယားနိုင်ငံမှ လှူဒါန်းသည့်ဆန်အိမ်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေး၊ စိုက်ပျိုးရေး၊ သမဝါယမ၊ MSMEs ကဏ္ဍအလိုက် ချေးငွေထုတ်ချေး

**ရမည်းသင်း အောက်တိုဘာ ၁၀**

ရမည်းသင်းမြို့နယ်တွင် မွေးမြူရေး၊ စိုက်ပျိုးရေး၊ သမဝါယမ၊ MSMEs ကဏ္ဍအလိုက်ချေးငွေ ထုတ်ချေးခြင်း အခမ်းအနားကို အောက်တိုဘာ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းက ထောက်ပံ့ချေးငွေ ထုတ်ချေးပေးခြင်းနှင့်



ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မတည်ထုတ်ချေးငွေများနှင့် သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ရမည်းသင်းမြို့နယ်အတွင်း မွေးမြူရေးကဏ္ဍ ငွေကျပ်သိန်း ၂၀၀၀ ကိုလည်းကောင်း၊ MSMEs ငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ သမဝါယမကဏ္ဍအနေဖြင့် အခြေခံသမဝါယမအသင်း ၁၀ သင်း၊ ကျေးရွာအုပ်စု ကိုးအုပ်စုမှ စိုက်ဧက ၁၃၂၁ ရှိတောင်သူ ၄၅၁ ဦး ငွေကျပ် ၂၆၄၂ သိန်း စုစုပေါင်း ငွေကျပ် ၅၁၄၂ သိန်း နိုင်ငံ့စီးပွားရန်ပုံငွေထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ပြင်ဦးလွင်မြို့နယ်တွင် အခြေခံနှင့်မွမ်းမံလျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်းဆင်း

**ပြင်ဦးလွင် အောက်တိုဘာ ၁၀**

ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကြီးကိုင်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေခံနှင့်မွမ်းမံလျှပ်စစ်သံဂဟေဆက်နည်းပညာ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို အောက်တိုဘာ ၈ ရက်က ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းသုံးပစ္စည်းများကို ထူးချွန်သင်တန်းသားများအားပေးအပ်ပြီး လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သွေးသွေး(ပြန်/ဆက်)**


# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ရုံးချုပ်မှ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**
ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Daihei Mochizuki ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် IOM တို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် ရွှေ့ပြောင်းသွားလာသူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ ရွှေ့ပြောင်းသွားလာသူများအတွက် တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ခုခံကျကာလသားရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဆေးနှင့် ဆေးပစ္စည်းများ မသက်ဆိုင်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများထံ မရောက်ရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ရှိ IDP camp များတွင် ကျန်းမာရေးစောင့်ရှောက်မှု ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ IOM ရုံးမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**
ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၌ Hybird စနစ်ဖြင့် ကျင်းပသည်။



ဆွေးနွေးပွဲသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီရုံးတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ ကျေးဇူးသား ရင်သားမခွဲခြားဘဲ မျှတစွာ ဆောင်ရွက်ရန်လိုကြောင်း၊ အဂတိကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော်တည်ဆောက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှုများကို မဖြစ်စေမီ ကြိုတင်ကာကွယ်တားဆီးရန်အတွက် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ ဆိုးကျိုးများ၊ တားဆီးကာကွယ်ရေးကဏ္ဍများကိုရှင်းလင်းဆွေးနွေးကြကာ ဆွေးနွေးပွဲ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သနပ်ပင်၊ ဝေါ၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ပဲခူး၊ ကဝ မြို့နယ်များမှ တောင်သူများနှင့် စိုက်ပျိုးနည်းပညာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**
မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ထိခိုက်မှုမရှိခဲ့သည့် ဧရိယာများမှ စပါး၊ ဆီထွက်၊ ပဲ၊ ဝါ သီးနှံများ အထွက်နှုန်း တိုးတက်စေရေးအတွက် လယ်ယာကဏ္ဍ ပညာပေးနှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၉ ရက်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မိဘမေတ္တာပွဲရုံ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ် ဦးဆောင်သည့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနတို့မှ သီးနှံမျိုးပညာရှင်များ၊ မြေဆီလွှာပညာရှင်များ၊ သီးနှံကာကွယ်ရေး၊ စက်မှုလယ်ယာကဏ္ဍ ပညာရှင်များနှင့်သနပ်ပင်၊ ဝေါ၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ပဲခူး၊ ကဝမြို့နယ်များမှ တောင်သူ ၂၀၀ တို့ တက်ရောက်ဆွေးနွေးကြပြီး ရာသီဥတုနှင့် လိုက်လျောညီထွေရှိမည့် သီးနှံမျိုးသစ်များ၊ စိုက်ပျိုးနည်းစနစ်များ၊ သီးနှံကာကွယ်ရေးနည်းစနစ်များဖြစ်သည့် ပိုးမွှား၊ ရောဂါ ကာကွယ်နည်းစနစ်များ၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲကို တောင်သူများ၏ စိတ်ဝင်စားမှုအရ မျိုး၊ သီးနှံကာကွယ်ရေး၊ မြေဆီလွှာ စသည့် အဖွဲ့များခွဲ၍ ဆွေးနွေးခဲ့ကြပြီး ပဲတီစိမ်းသီးနှံ (ရေဆင်း ၁၆) မျိုး ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် တင်ပြဆွေးနွေးကြသည်။ ဆက်လက်၍ ပညာရှင်များက စပါးအပြီး ပဲပုပ်စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ တောင်သူများအား မိတ်ဆက်ဆွေးနွေးခြင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နေကြာမျိုးများနှင့် စပ်လျဉ်း၍ တောင်သူများ သိရှိလိုသည့် မေးမြန်းချက်များ၊ ရွှေခရု၊ စပါးဖြုတ်ပိုး၊ ပဲမြောင်တောင်ကျရောက်မှုများအတွက် ကာကွယ်နှိမ်နင်းနည်းများ၊ ပေါင်းသတ်ဆေးနှင့် စပ်လျဉ်း၍ ဆောင်ရန် ရှောင်ရန်များ၊ မြေဆီလွှာနှင့် သက်ဆိုင်သည့် ပြဿနာများ၊ မြေကျွံခြင်း၊ မြေချဉ်ခြင်း၊ မြေငန်ခြင်း၊ သံအဆိပ်သင့်ခြင်း၊ မန်းဂနိစ် အဆိပ်သင့်ခြင်း ဖြစ်ပေါ်မှုဆိုင်ရာများ၊ ရေသွင်း၊ ရေထုတ် ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် ပြဿနာများနှင့်စပ်လျဉ်း၍ ပညာပေးဆွေးနွေးကြသည်။

အဖွဲ့လိုက် ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက တောင်သူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားကြ၍ ရာသီဥတုနှင့် လိုက်လျောညီထွေသည့် သီးနှံစိုက်စနစ်များအကြောင်း အသိပညာပေး ဗီဒီယိုကို ပြသခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်**

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီးဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နဝင်းချောင်းတံတား(အဆုံ) ၄ လမ်းသွား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းခွင်နှင့် ဆင်သေချောင်းတံတား(သိုက်ချောင်း) ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံ)အား မူလ ၂ လမ်းသွားမှ ၄ လမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းနေရာ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ကုန်တင်ယာဉ်များ စနစ်တကျဖြတ်သန်းသွားလာရန် ခွင့်ပြုထားမှုနှင့် အခိုင်အမာပြင်ဆင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်၊ ယခင် မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရန်နှင့် ခရီးသည်ယာဉ်၊ ကုန်တင်ယာဉ်ကြီးများ အန္တရာယ်ကင်းစွာ မောင်းနှင်အသုံးပြုနိုင်ရေး ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် မှာကြားသည်။



ယင်းနောက် ကင်းသာလမ်းဆုံသို့ ရောက်ရှိပြီး ရေတိုက်စား၍ ပျက်စီးခဲ့သည့် နေရာများတွင် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းပြီး မြေဖို့ခင်းကြိတ် ဆောင်ရွက်နေမှု၊ လမ်းနယ်နေရာ၌ မြေထိန်းနံရံအနိမ့် (Toe Wall) များ အသစ်ဆောင်ရွက်နေမှု၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုနှင့် လမ်းပခုံးအမာခံရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆင်သေချောင်းတံတား (ပုပ္ပားကုန်း) သို့ ရောက်ရှိပြီး ပြင်ဆင်ပေးထားသည့် တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်း ကြံ့ခိုင်မှုအခြေအနေ၊ တံတားအောက်၌ ဆင်သေချောင်းရေ ဖြတ်သန်းစီးဆင်းမှုကြောင့် တံတားပျက်စီးမှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားမှုနှင့် တံတားထိပ်ခုံအောက်ခြေကို ရေထပ်မံတိုက်စားခြင်းမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်ကို ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား (သိုက်ချောင်း) သို့ ရောက်ရှိပြီး တံတားရေလယ်တိုင် နိမ့်ကျသွားသည့်အပိုင်းကို အဆင့်ဆင့်ပြုပြင်ဆောင်ရွက်နေမှု၊ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းအား အခိုင်အမာ တည်ဆောက်နေမှုအခြေအနေတို့ကို စစ်ဆေးမေးမြန်းကာ လွန်းထိုးခြင်း (Launching)နည်းစနစ်ဖြင့် ရေလယ်တိုင်နိမ့်ကျသည့် အပိုင်းကို ပြန်လည်ပြုပြင်နေမှု၊ အခိုင်အမာ ချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးပါက ယာယီဘေလီတံတားများကို ဖြုတ်သိမ်းမည့်အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး(လမ်းဟောင်း) သိုက်ချောင်း- အေလာလမ်းအပိုင်း၌ လမ်းမျက်နှာပြင်မညီညာခြင်း၊ လှိုင်းထနေခြင်းများအား အပိုင်းလိုက် စနစ်တကျပြင်ဆင်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ် မကျီးဇင်ကျေးရွာ၌ တရားမဝင် စက်သုံးဆီပီပါ ၄၀၊ စားသောက်ကုန်ပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၄၉၈၃၇၀ ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၄၉၄၇၁)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၈၀၆၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၁၂၈၄၈၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ထို့အပြင် အောက်တိုဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၈၃၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၉၁၂)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Voxy မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ် ၌ တရားမဝင် အခြားသစ် ၃ ဒသမ ၃၈၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၆၄၈၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၉၃၃၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် ၁၁၃ လမ်းဆုံ၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လက်ဝတ်ရတနာပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၉၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Toyota Dyna Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း ၂၅ မျိုးနှင့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၀၄၁၁၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၄၅၆၁၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၄၃၇၇၉၈၃ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## သမာဓိဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်စည်းဝေး

**ကော့သောင်း အောက်တိုဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ သမာဓိဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သမာဓိဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ သဘာပတိ ဦးသိန်းအောင်က ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဝန်ထမ်းများ သက်သာချောင်ချိရေး လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားခဲ့ကြသည်။

ထို့နောက်အသင်းသားများ၏ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်အတွက် အသင်းသား ၂၄၀ ၏ လှည့်ပတ် ရင်းနှီးငွေကျပ် ၁၃၀၇၈၃၆၃၄ ဒသမ ၇၈ ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ်ငွေကျပ် ၁၂၀၅၉၆၂ နှင့် စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၆၄၆၁၈၄၂ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# အသိပညာဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှု မြင့်မားလာစေဖို့ စာပေဖတ်ရှုလေ့လာစို့

**စာဖတ်ပရိသတ်တစ်ဦး**

**ရန်ကုန်မိုးက ထုံးစံအတိုင်း လင်းရာမှ ရုတ်ခြည်းမည်းမှောင်လာကာ ရွာချလေတော့သည်။ သည်နေ့မနက် ရာသီဥတုက သာသာယာယာ၊ လင်းလင်းကျင်းကျင်း ဖြစ်၍ ပန်းဆိုးတန်းစာအုပ်အဟောင်းတန်းဘက်သွားပြီး စာမြည်းထိုင်ဖတ်မည်၊ ကြိုက်တာတွေ့လျှင် တစ်အုပ်၊ နှစ်အုပ်ဝယ်မည်ဟု စိတ်ကူးနှင့် ထွက်လာပါမှ မိုးနှင့်တိုးတော့သည်။ သို့နှင့် နီးစပ်ရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း ခေတ္တဝင်နားခိုရတော့သည်။**

မိုးစက်မိုးပွင့်များကြားမှ ပန်းဆိုးတန်းစာအုပ်အဟောင်းအရောင်းဆိုင်လေးများကို ကျွန်တော်ငေးမောကြည့်မိသည်။ စာအုပ်အဟောင်းဆိုင်များဟုဆိုရသော်လည်း ဘာသာရပ်ဆိုင်ရာ စာအုပ်မျိုးစုံ၊ ရှားပါးစာအုပ်မျိုးစုံကို ရရှိနိုင်ပါသည်။ သို့ဖြင့် ဥပဒေပညာရှင်များကလည်း ဥပဒေရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို လာရောက်ရှာဖွေဝယ်ယူလေ့ရှိကြသည်။ ရဟန်းသံဃာတော်အချို့ကလည်း ဘာသာရေးဆိုင်ရာ စာအုပ်များကို လာရောက်ဝယ်ယူလေ့ရှိကြသည်။ စာအုပ်များကလည်း မျိုးစုံလှသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာအုပ်များ၊ ကျန်းမာရေး၊ အားကစား၊ နိုင်ငံရေး၊ ဘာသာရေး၊ သမိုင်း၊ သုတရသစာအုပ်မျိုးစုံလှသည်။ အင်္ဂလိပ်စာအုပ်စာတမ်းများ သီးသန့်ရောင်းချသည့်ဆိုင်များလည်းရှိ၍ တစ်ခါတစ်ရံ ကမ္ဘာလှည့်ခရီးသွားတချို့ကိုလည်း တွေ့ရတတ်သည်။

**စာဖတ်ပရိသတ်တစ်ဦးအနေဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့ရသည့် စာအုပ်အဟောင်းတန်းလေးကို ကျွန်တော်သံယောဇဉ်ဖြစ်ရသည်။ စာအုပ်စာပေများ စုဆောင်းတတ်သည့်အချိန်မှစ၍ ဒီပန်းဆိုးတန်း စာအုပ်အဟောင်းဆိုင်များမှ အများဆုံးဝယ်ယူဖြစ်ခဲ့ပါသည်။ ဆရာမောင်ဝံသ၏ နှစ်ဆင်၊ ဟင်နရီကစ်ဆင်ဂျား၊ ကစ်ဆင်ဂျား၏ အိမ်ဖြူတော်နှစ်များ၊ ကစ်ဆင်ဂျား၏ ကသောင်းကနင်းနှစ်များ၊ သမ္မတ အန်ဝါဆဒတ်၊ မိုရှေဒါယန်း စသည့် နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေများ၊ အောင်သန်း၏ အောင်ဆန်း၊ အောင်ဆန်းမိသားစု စသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိစာပေများ၊ မိုးကုတ်ဆရာတော်ကြီး၏ သစ္စာလေးပါးတရား စာပေအတွဲများ၊ သော်တာဆွေစာအုပ်များ၊ ဗိုလ်တာရာ၏ မုဆိုးစာပေများ၊ တစ်ခေတ်တစ်ခါက ရွှေသွေးဂျာနယ်များ၊ ပါတီစာနယ်ဇင်းကထုတ်ဝေသည့် နိုင်ငံတကာဂျာနယ် နှစ်ချုပ်အတွဲများ စသည် စသည်ဖြင့် ...။**

လွန်ခဲ့သည့်ဆယ်စုနှစ်များက စာအုပ်ဈေးနှုန်းကလည်း ယခုခေတ်လို ဈေးမကြီးလှသေး၊ ကျွန်တော်တို့လို စာဖတ်ဝါသနာရှင်များနှင့် လက်လှမ်းတမီဖြစ်၍ စာအုပ်အတော်များများ ဝယ်ယူစုဆောင်းဖြစ်ခဲ့ပါသည်။ မှတ်မိသေးသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ **“ပုရာဘေဒ”**နှင့် **“မာလုကျပုတ္တ”** သုတ် တရားစာအုပ်များဆိုမူ ငွေကျပ် ၂၀ သာ ပေးခဲ့ရသည်။ သခင်တင်မြ၏ **“ဘုံဘဝမှာဖြင့်”** မူရင်းစာအုပ်အထူကြီးကိုလည်း ဈေးနှုန်းသက်သာစွာရရှိခဲ့သည်။ စာအုပ်ကြီးမှာ အတွင်းစာရွက်စာသားများ ကောင်းသော်လည်း အဖုံးမပါရှိ၍ ဝယ်ပြီးပြီးချင်း စာအုပ်ဆိုင်တွင် ခန့်ချုပ်ပြန်ချုပ်ခိုင်းခဲ့ရပါသည်။ သခင်တင်မြ၏ ဘုံဘဝမှာဖြင့် စာအုပ်ကို လူငယ်ဘဝက ရပ်ကွက်စာအုပ်အငှားဆိုင်တွင် ငှားဖတ်ခဲ့ဖူးသည်။ ဝတ္ထုစာအုပ်ဆိုက် ဆဋ္ဌမအတွဲအထိရှိသည်။ တတိယတွဲမရှိ၍ ကျော်ဖတ်ရှုခဲ့ရသည်။ ယခု လုံးချင်းစာအုပ်အထူကြီးကို တစ်ပေါင်းတည်း ဖတ်ရှုရရုံမက သပ်သပ်ရပ်ရပ် ခိုင်ခိုင်ထည်ထည်ချုပ်ပြီး ဖတ်ရှုရသဖြင့် အတော်ပီတိဖြစ်ရသည်။

စာပေဝါသနာရှင် စာဖတ်သူများအနေဖြင့် စာပေဖတ်ရှုရာတွင် တတ်နိုင်လျှင် မူရင်းပထမအကြိမ်ထုတ်စာအုပ်များကိုသာ ဖတ်ရှုချင်ကြသည်။ ဝယ်ယူစုဆောင်းလိုကြသည်။ ကျွန်တော်သည်လည်း ဒုတိယအကြိမ်၊ တတိယအကြိမ်ထုတ်စာအုပ်များနှင့် ယှဉ်လျှင် မူရင်းပထမအကြိမ်ထုတ် စာအုပ်များကို ပို၍မက်မောပါသည်။ ဥပမာဆိုရလျှင် ဆရာမောင်ဝံသ၏ နိုင်ငံရေးအတ္ထုပ္ပတ္တိစာအုပ်များဆိုလျှင် ပထမအကြိမ်ထုတ်ဝေစဉ်က မျက်နှာဖုံး၊ အတွင်းခဲစာလုံးလက်ရာများကို မျက်စိထဲစွဲနေ၍ ဒုတိယအကြိမ်၊ တတိယအကြိမ်ထုတ် စာအုပ်များကား ခံတွင်းမလိုက်သလို ခံစားရပါသည်။

သို့နှင့် ဝဏ္ဏသီရိ၏ အဋ္ဌမအကြိမ်ထုတ် **“ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း”** ပထမတွဲ၊ ဒုတိယတွဲကို ဝယ်ယူပြီးသည့်တိုင် တစ်တွဲလျှင် ငွေကျပ် ၆၀ စီဖြင့် ပထမဦးဆုံး ဝယ်ယူဖတ်ရှုခဲ့ဖူးသည့် ၁၉၈၉ ခုနှစ် ဩဂုတ်လ တတိယအကြိမ်ထုတ် စာအုပ်ကို စိတ်ထဲစွဲနေ၍ ပန်းဆိုးတန်းစာအုပ်အဟောင်းဆိုင်တွင် ထပ်မံဝယ်ယူဖြစ်ခဲ့ပါသည်။ စာပေဝါသနာရှင်အချင်းချင်းဆိုမူ ထိုဝါသနာ၊ ထိုခံစားချက်မျိုးကို နားလည်ကြပါလိမ့်မည်။

စာအုပ်အဟောင်းဆိုင်လေးများကို ငေးရင်း အဘယ်မျှကြာအောင် ငေးမောတွေးတောနေမိသည် မသိ၊ မိုးပင်တိတ်သွားခဲ့ချေပြီ။ စာအုပ်အဟောင်းဆိုင်အချို့လည်း စာအုပ်များ မိုးမစိုစေရန် အုပ်ထားသည့် ပလတ်စတစ်မိုးကာများကိုဖွင့်၍ ဆိုင်ပြန်ခင်းနေကြချေပြီ။

ဆိုင်တစ်ဆိုင်အရောက်တွင် ငွေကျပ် ၁၅၀၀ တန် စာအုပ်ပုံများအတွင်းမှ စာအုပ်တစ်အုပ်ကို စိတ်ဝင်စား၍ ကောက်ယူမြည်းစမ်းကြည့်မိသည်။ စာအုပ်က မိုးဂျာနယ်ပါ ဆောင်းပါးများကို ပြန်လည်စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ မောင်စူးစမ်း၊ ကျော်ဝင်း၊ ဒဂုန်တာရာ၊ လူထုစိန်ဝင်း၊ ဒေါက်တာသန်းထွန်း စသည့် နာမည်ကျော်စာရေးဆရာကြီးများ၏ နိုင်ငံတကာနှင့် စာပေယဉ်ကျေးမှု အနုပညာ၊ နိုင်ငံတကာလူမှုစီးပွား၊ လူမှုဗေဒ၊ ဓမ္မနှင့် ပညာ၊ သုတေသနဆိုင်ရာ ဆောင်းပါးများ ပါရှိသည်။

ဆရာစိုးရိမ်၏ **“ဆူနာမီနှင့် ချစ်သောကမ္ဘာ”** အက်ဆေးဆောင်းပါးတွင် “ကျွန်တော်တို့က ဇက်ကြိုးတပ်ခိုင်းစေနိုင်ပြီဟု မော်ကြွားလေ့ရှိသော သဘာဝတရားက လက်မကလေးထောင်၊ ပခုံးလေးတွန့်ပြ၍ ‘ဘယ့်နှယ်ရှိစ’ဟု ပြုံးခနဲလုပ်ပြသည်မျိုး ကြုံဖူးကြမည်ထင်ပါသည်။

လူသားတို့အတွက် ဝမ်းစာရှာရာဖြစ်သော၊ သဘာဝလမ်းမကြီးဟုလည်း ဆိုနိုင်သော၊ စိတ်ကြည်နူးရင်ခုန်ဖွယ်ရာများကိုလည်း ဖန်တီးပေးသော သမုဒ္ဒရာထက်မှ လှိုင်းဘီလူးကြီး ခုန်ထွက်လာရာ၊ **ချစ်လှစွာသော အနီသမုဒ္ဒရာကြီးသည်ပင် အကြင်နာကင်းသော လူသတ်ကောင်ကြီး ဖြစ်သွားရတော့သည်။ စုမတ္တရာမှ ဆိုမာလီယာအထိ လူ့အသက်ပေါင်းများစွာမှာ လျှပ်တစ်ပြက်အတွင်းမှာပင် ပျောက်ချင်းမလှ ပျောက်ကွယ်သွားရတော့သည်။ လူ့အသက်၏ အထိမခံ ရွှေပန်းကန်သဘောကို အချိန်တိုအတွင်း ပညာပေးလိုက်သော မဟာကပ်ဘေးကြီးတစ်ခုဖြစ်ပါသည်”** စသည်ဖြင့် ဖတ်ရတော့ ၂၀၀၄ ခုနှစ်က ဖြစ်ပွားခဲ့သော အာရှဆူနာမီ သဘာဝအန္တရာယ်ကပ်ဘေးဆိုးကြီးကို ပြန်ပြောင်းအမှတ်ရမိသလို မျက်မှောက်ကာလတွင်လည်း ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ မကြာခဏဖြစ်ပွားလာသော သဘာဝကပ်ဘေးကြီးများအပေါ် သတိပြုဆင်ခြင်စရာဖြစ်ရသည်။

ဆရာကြီး ဒဂုန်တာရာက **“ဇော်ဂျီမင်းသုဝဏ် ဒွေးမြိုင်”**ဟူသော ခေါင်းစဉ်ဖြင့်ရေးဖွဲ့သည့် စာပေဆိုင်ရာဆောင်းပါးတွင်မူ **“၁၉၃၀ ဝန်းကျင်ကာလက တက္ကသိုလ်ပရိဝုဏ်တွင် ခေတ်စမ်းစာပေ စတင်မွေးဖွားလှုပ်ရှားသောကာလ။ စာပေသစ်ကတော့ ၁၉၄၉-၅၀ ပတ်ဝန်းကျင် စာပေသဘောတရားများ ငြင်းခုံနေသောကာလ။ ကမ္ဘာတစ်ဝန်းတွင်လည်း စစ်အေးစတင်သောအချိန်၊ ဆရာတို့သည် နိုင်ငံရေးသဘောများပါသော ရိုက်ခတ်မှုကို စာရေးဆရာအသင်းတွင် တွေ့ကြုံခံစားရသောအခါ စိတ်ပျက်သွားကာ နောင်တွင် စာရေးဆရာအသင်း အစည်းအဝေးများသို့ မတက်တော့။ ကျွန်တော်ကတော့ နားလည်သည်။**

**၂၀ ရာစု၏အစသည် မြန်မာခေတ်ပေါ်စာပေ၏ အစပင်ဖြစ်သည်ဟု ကျွန်တော်အကဲဖြတ်သည်။ ခေတ်စမ်းစာပေသည် ခေတ်ပေါ်စာပေ၏ ကဏ္ဍများရှိသည့်အနက် တစ်ကဏ္ဍဖြစ်သည်။ သူ့ကဏ္ဍနှင့်သူ။ ကျွန်တော်တို့ သမိုင်းခေတ်များကို ဖြတ်သန်းလာကြရသည်။ ဖြတ်သန်းသည့်အရွယ်၊ အခြေအနေ၊ ယဉ်ကျေးမှုနောက်ခံကား စသည်တို့ကတော့ တူချင်မှ တူမည်။ သူတို့သည် မိမိဖြတ်သန်းလျက်ရှိသော သမိုင်းခေတ်ခံစားမှုကို သူတို့၏ စာပေ၊ ကဗျာ၊ စကားပြေတို့ဖြင့် တုံ့ပြန်ကြစမြဲ။**

**သူတို့နှစ်ဦး၏ အဖွဲ့အနွဲ့ကတော့ တစ်ဦးနှင့်တစ်ဦးမတူ။ ဆရာ ‘ဝဏ်’က ချိုသာပြေပြစ်သော ကာရန်စနစ်ဖြင့် ဖွဲ့တတ်သူ၊ ဆရာဇော်ဂျီက ဝတ္ထုရှည်ကဲ့သို့ ဘဝကိုအတွေးဆန်ဆန် ဒဿနဟန်ဖြင့် ဖွဲ့သီသည်။**

**ခေတ်ပေါ် စာပေရေစီးကြောင်းအတွက် ကျွန်တော်တို့သည် တစ်ယောက်နှင့် တစ်ယောက် အခင်အမင်မပျက်ကြ။ စာပေအကြောင်းပြောရလျှင် မမောနိုင်၊ စာပေအချစ်နှင့် လူသားအချစ်တို့သည် ရောစပ်နေသည်မဟုတ်ပါလား။”** စသည်ဖြင့် ရုပ်ပုံလွှာအဖွဲ့အနွဲ့ ရေးဟန်ကဲ့သို့ပင် တို့ထိခြယ်မှုန်းခဲ့ပါသည်။

စူပါတို့၏ နေဝင်ချိန်နှင့် နေထွက်ချိန်ဆောင်းပါးတွင် “၂၁ ရာစုအကြိုကာလက ပညာရှင်များနှင့် ပေါ်လစီမိတ်ကာများကြား အလေးထားလေ့လာကြရသော သမိုင်းကျမ်းကြီးတစ်စောင် ထွက်ခဲ့ဖူးသည်။ ယေး(လ်)တက္ကသိုလ်၊ သမိုင်းပါမောက္ခ ‘ပေါ(လ်) ကင်နေဒီ’ ပြုစုသော ‘မဟာအင်အားကြီးနိုင်ငံများ၏ နေဝင်ချိန်နှင့် နေထွက်ချိန် (The Rise and Fall of the Great Powers) ’ အမည်ရှိ စာအုပ်အထူကြီးဖြစ်ပါသည်။

ကင်နေဒီ၏ သမိုင်းကျမ်းမှာ ၂၀၀၀ ပြည့်နှစ်ဖြစ်ရပ်များထိသာ အနားသတ်ထားသော်လည်း ၂၁ ရာစုနှင့် ပတ်သက်သော ကြိုတင်ခန့်မှန်းချက်များလည်း ပါသေးသည်။ သူ၏ မှန်းဆချက်များကို အနှစ်ချုပ်လိုက်လျှင် အခြေခံအားဖြင့် သုံးချက်ရှိသည်။ ဤသည်တို့မှာ-

(၁) ယနေ့အမေရိက၏ ကမ္ဘာလုံးဆိုင်ရာ စိတ်ဝင်စားမှုနှင့် တာဝန်ယူမှုများသည် ၎င်းစွမ်းဆောင်နိုင်သည်ထက် များပြားကြီးလေးလွန်းနေသည်။ သို့အတွက် ၂၁ ရာစုအဝင်တွင် အမေရိက၏ လွှမ်းမိုးကြီးစိုးမှုမှာ အကျဘက်သို့ ရောက်သွားလိမ့်မည်။

(၂) ဤသို့ဖြစ်ရသည်မှာ အမေရိက၏ စစ်ရေး၊ စီးပွားရေး အားနည်းလာသောကြောင့်မဟုတ်။ အခြားနိုင်ငံများက ပို၍ချမ်းသာပြီး ပို၍အားကြီးလာသောကြောင့်ဖြစ်သည်။ ဤနိုင်ငံများမှာ တရုတ်၊ ဂျပန်နှင့် ဥရောပသမဂ္ဂတို့ ဖြစ်လိမ့်မည်။

(၃) ဆိုဗီယက်ယူနီယံတွင်မူ အတော်ကြီးကျယ်သော (အဆင်မသင့်လျှင် အဆုံးတိုင်ပြိုကွဲ၍ပင် သွားနိုင်သော) အကျပ်အတည်းကြီးတစ်ခုနှင့် ရင်ဆိုင်တိုးလိမ့်မည်။

တတိယဟောစာတမ်းမှာ ၂၁ ရာစုမရောက်မီကပင် ကွက်တိမှန်သွားခဲ့သည်။ ၂၁ ရာစုရောက်ပြီး

> **“စာရေးဆရာကြီးများ၏ စာပေလက်ရာများကား တန်ဖိုးဖြတ်၍ မရနိုင်ပါပေ။ စာအုပ်တန်ဖိုးမှာလည်း ယနေ့ခေတ် လက်ဖက်ရည်တစ်ခွက်ဖိုး၊ ဂျာနယ်တစ်စောင်တန်ဖိုးမျှသာဖြစ်သည်။ သို့သော် စာဖတ်သူများအဖို့ ဗဟုသုတနှင့် အတွေးအမြင်များစွာကို တစ်ထိုင်တည်း ရရှိနိုင်ပေသည်။ ယနေ့ ခေတ်ပြိုင်ကမ္ဘာကြီးအတွင်း ကမ္ဘာနှင့် ရင်ပေါင်တန်း လျှောက်လှမ်းလိုပါလျှင် ရေတွင်းထဲက ဖားသူငယ်များလို လုပ်၍မရဘဲ ကမ္ဘာကြည့် ကြည့်မြင်တတ်ဖို့ လိုပါသည်။ ကမ္ဘာကြည့် ကြည့်မြင်နိုင်ဖို့ စာပေဖတ်ရှုလေ့လာကြရပါမည်။ စာပေဖတ်ရှုလေ့လာပါမှလည်း “ရှေ့တစ်ခေါ် နောက်တစ်လံ”ဟူသည့်အတိုင်း ရှေ့အနာဂတ်ကို တစ်မျှော်တစ်ခေါ် မြော်တွေးကြည့်မြင်နိုင်မှာဖြစ်သလို ပြီးခဲ့သည့် အတိတ်နောက်ကြောင်းကိုလည်း သင်ခန်းစာအဖြစ် ရယူဖော်ထုတ်နိုင်မည်ဖြစ်”**

*စာမျက်နှာ ၁၁ သို့*

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂)ခုရှိရာ ယနေ့၌ ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၈၅)ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ ယခင်နေ့ထက် (၀ ဒသမ ၀၂)ပေ လျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၄)ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ – ၁၀.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၀.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၀၄၂၇ | ၆၂၇.၂၄ | ၅၆၅၈၃၂ | ၁၃၈၇၈ (လျှပ်စစ်) ထုတ်ရေ) | – | – | ၃.၈၅ | ၁၆၆၄၂ | ၀.၄၀ | ၆၂၇.၂၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၉၄ | ၆၂၅.၇၀ | ၂၆၉၈၇ | – | ၉.၃၀ | ၉၅၁၃ | – | – | ၀.၂၀ | ၆၂၅.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၆၁ | ၅၁၉.၁၀ | ၈၉၃၁၃ | ၃၂၁ | ၀.၉၀ | ၂၄၅၇ | – | – | ၀.၉၅ | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်းတမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | – | ၅၀၉.၅၅ | ၁၀၄၇၈ | ၇ | ၂.၄၅ | ၁၇၇၉ | – | – | – | ၅၀၉.၆၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၅၂ | ၄၃၈.၇၆ | ၇၂၂၈၀ | ၃၁၅ | ၀.၂၄ | ၇၂၀ | – | – | – | ၄၃၈.၈၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | – | ၀.၀၅ | ၂၀၁ | – | – | – | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၃၂ | ၇၇၆၉ | ၈ | ၁.၆၈ | ၉၄၉ | – | – | – | ၄၁၆.၃၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၃ | ၇၀၃.၆၀ | ၁၀၇၉၇၃ | – | ၆.၄၀ | ၃၅၁၁၇ | – | – | – | ၇၀၃.၆၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | ရေတိုက်စား | | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | – | – | – | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂ | ၈၆၄.၁၅ | ၁၀၅၀၆ | ၇၂ | ၅.၈၅ | ၄၀၉၄ | – | – | – | ၈၆၄.၃၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | – | ၅.၀၀ | ၆၅၃ | – | – | – | ၆၇၄.၀၀ |

မှတ်ချက် – ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄) ချပ် ထောင်ထားပါသည်။

*စာမျက်နှာ ၁၀ မှ*

**လေးနှစ်ကျော် ငါးနှစ်အရောက်တွင် ကျန်နှစ်ခုမှာလည်း မှန်နိုင်လောက်သည့် အရိပ်အယောင်တွေ အပီအပြင်ပြလာသည်”** စသည်ဖြင့် သုံးသပ်ဖော်ပြထားသည်။

ဆရာလင်းထက်ဇော်၏ **“ပါဝါအပျော့”** ဆောင်းပါးတွင်လည်း အကြမ်းဖက်ဝါဒနှင့်ပတ်သက်၍ “ခေတ်ပြိုင်သမိုင်းဆရာတစ်ဦးဖြစ်သူ ‘ဝေါလ်တာ၊ လက်ကာ’က ခေတ်သစ် အကြမ်းဖက်ဝါဒနှင့်ပတ်သက်ပြီး ဤသို့ သုံးသပ်ဖော်ပြပါသည်။ **‘ခေတ်သစ်အကြမ်းဖက်ဝါဒမှာ အစဉ်အလာ အကြမ်းဖက်ဝါဒနှင့် သဘောသဘာဝ မတူတော့ပါ။ အစဉ်အလာ အကြမ်းဖက်ဝါဒတွင် လက်ဝဲဂိုဏ်း၊ လက်ယာဂိုဏ်း စသော အိုင်ဒီအိုလိုဂျီအစွဲနှင့် လှုပ်ရှားသူများရှိသလို အစွန်းရောက် အမျိုးသားရေးဝါဒကို အခြေခံသော ခွဲထွက်ရေးဝါဒီများလည်း ရှိသည်။ နိုင်ငံရေးရည်မှန်းချက်တစ်ခုခုအတွက် အကြမ်းဖက်လှုပ်ရှားကြသည်ဟု ဆိုနိုင်သည်။ ခေတ်သစ်အကြမ်းဖက်ဝါဒမှာ အစွန်းရောက်ဘာသာရေး၊ လူမျိုးရေးတို့ကို အခြေခံသည်ဖြစ်ရာ မျိုးဖြုတ်စစ်ပွဲများ၊ ဘာသာရေးစစ်ပွဲများအသွင် ဆောင်လာသည်။ ပို၍ရက်စက်ကြမ်းကြုတ်ရုံမက ဆင်ခြင်တုံတရားနှင့်လည်း ပို၍ဝေးလာသည်။**

**အကယ်၍ အကြမ်းဖက်ဝါဒသာ ယခုထက်ပိုအရှိန်ရလာလျှင် လက်ရှိမြို့ပြယဉ်ကျေးမှုကိုပင် ထိခိုက်လာနိုင်စရာရှိသည်။ ယနေ့ခေတ်ပြိုင် ကမ္ဘာကြီးမှာ မြို့ကြီးများကို ဗဟိုပြု၍ လည်ပတ်နေရသည်ဟူ၍ပင် ဆိုနိုင်ပါသည်။ နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့မှာ မြို့ပြတွင်သာ အခြေစိုက်သည်က များသည်။ အကြမ်းဖက်ဝါဒအန္တရာယ်က ပါရီလက်ဝဲဘက်ကမ်း၊ လန်ဒန်မြို့လယ်ကောင်၊ မက်ဟန်တန်အောက်ပိုင်းတို့လို နေရာမျိုးထိ ခြိမ်းခြောက်စိန်ခေါ်လာရာ မြို့ကြီးများကိုယ်တိုင်သည်ပင် လုံခြုံမှုအကင်းမဲ့ဆုံးနေရာလို ဖြစ်လာရတော့သည်။ သို့နှင့်အမျှ မြို့ပြဗဟိုပြုယဉ်ကျေးမှုအနာဂတ်ကိုပင် စိုးရိမ်မကင်းဖြစ်လာရတော့သည်”** စသည်ဖြင့် သုံးသပ်ဖော်ပြထားသည်။

စာရေးဆရာကြီးများ၏ စာပေလက်ရာများကား တန်ဖိုးဖြတ်၍ မရနိုင်ပါပေ။ စာအုပ်တန်ဖိုးမှာလည်း ယနေ့ခေတ် လက်ဖက်ရည်တစ်ခွက်ဖိုး၊ ဂျာနယ်တစ်စောင်တန်ဖိုးမျှသာ ဖြစ်သည်။ သို့သော် စာဖတ်သူများအဖို့ ဗဟုသုတနှင့် အတွေးအမြင်များစွာကို တစ်ထိုင်တည်းရရှိနိုင်ပေသည်။ ယနေ့ခေတ်ပြိုင်ကမ္ဘာကြီးအတွင်း ကမ္ဘာနှင့်ရင်ပေါင်တန်းလျှောက်လှမ်းလိုပါလျှင် ရေတွင်းထဲက ဖားသူငယ်များလို လုပ်၍မရဘဲ ကမ္ဘာကြည့် ကြည့်မြင်တတ်ဖို့လိုပါသည်။ **ကမ္ဘာကြည့် ကြည့်မြင်နိုင်ဖို့ စာပေဖတ်ရှုလေ့လာကြရပါမည်။ စာပေဖတ်ရှုလေ့လာပါမှလည်း “ရှေ့တစ်ခေါ် နောက်တစ်လံ” ဟူသည့်အတိုင်း ရှေ့အနာဂတ်ကို တစ်မျှော်တစ်ခေါ် မြော်တွေးကြည့်မြင်နိုင်မှာဖြစ်သလို ပြီးခဲ့သည့် အတိတ်နောက်ကြောင်းကိုလည်း သင်ခန်းစာအဖြစ် ရယူဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ မြန်မာနိုင်ငံသား ဦးသန့်ကလည်း **“စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြလေသည်”** ဟု မိန့်ဆိုခဲ့ပါသည်။

ဆရာကြီး လူထုဦးလှကလည်း **“စာဖတ်တဲ့အလေ့အထ”** ဆောင်းပါးတွင် **ရာဖ်ဝေါ်ဒါ အီမာဆင်၏ ‘ကိုယ့်မှာပြင်စရာရှိတာပြင်ဖို့ စာအုပ်ကိုဖတ်ပါ။ သိဖို့မဖတ်ပါနဲ့’၊ အားနက်စ်ဝုဒ်ခ်၏ ‘ပထမစဉ်းစားပါ။ နောက်မှဖတ်ပါ’ဟူသည့် အဆိုအမိန့်များနှင့်အတူ ရှေးဦးဆုံးကတော့ စာဖတ်တဲ့အလေ့အထ စွဲစွဲမြဲမြဲရှိလာအောင် လုပ်ဖို့ပဲ။ စာဖတ်တာဟာ ထမင်းစားတာလိုပဲ ကိုယ့်အတွက်အရေးကြီးတယ်လို့ သဘောပေါက်ရမယ်ပေါ့’** စသည်ဖြင့် ရေးသားခဲ့ပါသည်။

ဆရာကြီးမြသန်းတင့်ကမူ **“စကားကြီး စကားကျယ်ပြောရန်နှင့် ဆွေးနွေးရန်အတွက် စာဖတ်ခြင်းမပြုပါနှင့်။ နှိုင်းချိန်ရန်နှင့် တွေးတောရန်အတွက်သာ စာဖတ်ခြင်းပြုပါလေ**”ဟု မိန့်ဆိုခဲ့ပါသည်။

သို့ဆိုလျှင် မျိုးဆက်သစ်လူငယ်များအနေဖြင့် အသိပညာဗဟုသုတနှင့် နှိုင်းချိန်တွေးခေါ်မြော်မြင်မှု မြင့်မားလာစေရေးအတွက် ငယ်စဉ်ကတည်းက စာဖတ်သည့်အလေ့အထ စွဲစွဲမြဲမြဲရှိလာစေရန် လိုအပ်ပါသည်။

လက်ရှိကာလတွင် နိုင်ငံတော်အစိုးရကလည်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုထိုသော စာကြည့်တိုက်များအပြင် ခေတ်ပြိုင်စာပေများ၊ ခေတ်ဟောင်းစာပေများ၊ ဘာသာရပ်ဆိုင်ရာ စာပေများနှင့် ရှားပါးစာအုပ်စာပေများ စုံလင်လှသည့် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ စာအုပ်အဟောင်းဆိုင်တန်းများကလည်း စာပေဝါသနာရှင်လူငယ်များ၊ စာဖတ်ပရိသတ်များကို ငံ့လင့်ကြိုဆိုလျက်ရှိသည်။

မကြာမီ ပွင့်လင်းရာသီ ရောက်တော့မည်။ ခြေခင်းလက်ခင်းသာယာသည့် ညနေခင်းမှာ စာအုပ်မျိုးစုံ မြည်းစမ်းဖတ်ရှုရင်း ကြိုက်နှစ်သက်ရာ ဝယ်ယူဖတ်ရှုနိုင်ဖို့ ပန်းဆိုးတန်း စာအုပ်အဟောင်းဆိုင်များဘက်ဆီသို့ တစ်ခါတစ်ခေါက် သွားကြရအောင်။ ။

# ပြည်မြို့နယ်၌ သမဝါယမအသင်းသား တောင်သူများ၏ မိုးနှောင်းဝါ စိုက်ပျိုးထားရှိမှုအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ပြည် အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်မြို့နယ် သမဝါယမအသင်းစုမှ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပံ့ပိုးထားရှိသည့် သမဝါယမအသင်း ရှစ်သင်းမှ အသင်းသား တောင်သူ ၅၉၁ ဦး၏ စိုက်ဧက ၁၉၈၅ ဧကတွင် မိုးနှောင်းဝါ RaKa – 666 မျိုး စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဝါသီးနှံခူးဆွတ်ချိန် ဒီဇင်ဘာလတွင် သမဝါယမအသင်းသား တောင်သူများ ဈေးကောင်းရရှိစေရန် ဝါကုန်သည်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် စုပေါင်းဝန်ထမ်းအိမ်ရာများ ပြုပြင်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် အောက်တိုဘာ ၁၀**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသအတွင်း ပြန်လည်ဝင်ရောက်နေထိုင်၍ လုပ်ငန်းတာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းများကို စိတ်အေးချမ်းသာစွာနေထိုင်၍ ထမ်းဆောင်နိုင်ကြရန် စုပေါင်းအိမ်ရာများကိုလည်း စဉ်ဆက်မပြတ် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်က လွိုင်ကော်မြို့ နောင်ယား (က)ရပ်ကွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ စုပေါင်းဝန်ထမ်းအိမ်ရာသို့ ရောက်ရှိကာ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ပြည်နယ်အစိုးရအဖွဲ့၏ ပြန်လည်ထူထောင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် တိုက်အမှတ် (၃၃၊ ၃၅၊ ၃၆၊ ၃၇) နှင့် မြို့နယ်ဦးစီးမှူးရုံး ဆောင်ရွက်ပြီးစီးမှုများ၊ အဆိုပါအိမ်ရာများတွင် ဒေသအတွင်း လုပ်ငန်းတာဝန်များကို ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိနေသည့် ဝန်ထမ်းများအား နေရာချထားမည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် တိုက်အမှတ် (၇၊ ၁၀၊ ၁၇၊ ၁၈၊ ၂၄၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂) များ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာ လေးလုံးတွင် ပြန်လည်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ စိတ်အေးချမ်းသာစွာ ပြောင်းရွှေ့နေထိုင်နိုင်ရေး တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အမြန်နေရာချထားပေးရေး၊ လက်ရှိဆောက်ရွက်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ ကိုးလုံးကို လာမည့်လ ပထမပတ်အတွင်း ပြီးစီးရေး၊ အဆိုပါ ဝန်ထမ်းအိမ်ရာများရှိ ရေ၊ လျှပ်စစ်မီး၊ ရေချိုးခန်း၊ မီးဖိုခန်း၊ သန့်စင်ခန်း စသည်များ အဆင်ပြေကောင်းမွန်မှုရှိစေရေး၊ အိမ်ရာသို့ ဝင်ထွက်သွားလာသည့် လမ်းများ သန့်ရှင်းသပ်ရပ်စေရေး၊ အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စေရေးတို့ကို ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆောင်ရွက်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာ လေးလုံးနှင့် ဆက်လက်ဆောင်ရွက်နေသည့် ဝန်ထမ်းအိမ်ရာ ကိုးလုံး၏ ပြင်ဆင်ထားရှိမှုများ၊ ပြုပြင်ဆောင်ရွက်ပြီးစီးသည့် အိမ်ရာအတွင်းအခန်းများ၊ ရေချိုးခန်း၊ မီးဖိုခန်း၊ သန့်စင်ခန်းများ၏ ဖွဲ့စည်းမှုနှင့် ဆောင်ရွက်ထားရှိမှုများ၊ အိမ်ရာများ၏ အဝင်အထွက်လမ်းများနှင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(ဓာတ်ပုံ)**

လွိုင်ကော်ဒေသအတွင်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် မြို့များရှိ ပြည်သူများ၏ နေအိမ်များ၊ သာသနိက အဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းစုပေါင်းအိမ်ရာများ၊ စာသင်ကျောင်းများ၊ လမ်း/တံတားများ၊ ဈေးများ ပျက်စီးဆုံးရှုံးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ ပြည်နယ်အစိုးရအဖွဲ့သည် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲကာ ဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဌာနဆိုင်ရာ ဝန်ထမ်းအင်အား၏ ၆၀ ရာခိုင်နှုန်းခန့် ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ရာဂီမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရန် တောင်သူများအား မျိုးစပါးထောက်ပံ့

**ဘားအံ အောက်တိုဘာ ၁၀**

ကရင်ပြည်နယ်အတွင်း ရာဂီမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့်မိုးစပါးစိုက်ခင်းများကို ပြန်လည်စိုက်ပျိုးရန် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လှူဒါန်းထားသော မျိုးစပါးများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို အောက်တိုဘာ ၉ ရက်က ဘားအံမြို့




ခွဲကပင်ခန်းမ၌ ကျင်းပသည်။

ထိုသို့မျိုးစပါးများ ထောက်ပံ့ပေးအပ်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း နှစ်ကြိမ်တိုင်တိုင် ရေကြီးနစ်မြုပ်ခြင်းခံရသည့်အတွက် ထိခိုက်ဆုံးရှုံးမှုများ အလွန်များပြားခဲ့ပြီး ဆုံးရှုံးခဲ့သည့်စိုက်ခင်းများ အထွက်နှုန်းပြန်လည်ကာမိစေရန်အတွက် ရေကျနောက်စိုက်နှင့် နွေစပါးစိုက်ခင်းများကို အထွက်တိုးအောင် ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ကိုကြံ့ကြံ့ခံပြီး စားရေရိက္ခာဖူလုံရေးအတွက် မိမိတို့စိုက်ပျိုးထားသော သီးနှံများ ပျက်စီးဆုံးရှုံးခဲ့မှုအပေါ် အစားထိုး ပြန်လည်စိုက်ပျိုးနိုင်မည့် သီးနှံများကို မဖြစ်မနေ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း တောင်သူများအား တိုက်တွန်းပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် ပြည်နယ်အတွင်း စိုက်ပျိုးပြီးမိုးစပါးဧက ၃၅၃၉၁ ဧက ရေနစ်မြုပ်၍ ရေပြန်ကျချိန်တွင် ၃၁၂၉၆ ဧက ထိခိုက်ကာ ၁၄၄၆၁ ဧက ဒုတိယအကြိမ် ထပ်မံပျက်စီးခဲ့ရသည့်အတွက် ယနေ့အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကရင်ပြည်နယ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့သို့လှူဒါန်းသည့် ဘားအံမြို့နယ်အတွက် ရက် ၉၀ မျိုးစပါး ၄၁၉၇ တင်း၊ လှိုင်းဘွဲမြို့နယ်အတွက် တင်း ၁၈၀၀၊ ဖာပွန်မြို့နယ်အတွက် ၁၁ တင်း စုစုပေါင်း မျိုးစပါး ၅၉၈၆ တင်းကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြရာ **(ဓာတ်ပုံ)** တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့်မိုးစပါး ၁၄၄၆၁ ဧကအနက် ၈၉၈၆ ဧကကို စပါးပြန်စိုက်မည်ဖြစ်ပြီး ကျန်ရှိဧကများတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲပုပ်၊ မတ်ပဲ၊ ဗိုလ်ကိတ်၊ ပဲဖြူလေး စသည့် သီးနှံကိုးမျိုးကို စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိရာ အောက်တိုဘာ ၇ ရက်အထိ မိုးစပါး ၈၁၄၆ ဧကကို ပြန်လည်စိုက်ပျိုးပြီးဖြစ်ကာ ပြည်နယ်အစိုးရအနေဖြင့်လည်း မျိုးစပါးတင်း ၃၅၀၀ ကို ဝယ်ယူဖြန့်ဖြူးထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် တနင်္သာရီအဖွဲ့ထွက်ခွာ



**ထားဝယ် အောက်တိုဘာ ၁၀**

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည့် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့ ထားဝယ်လေဆိပ်မှ ထွက်ခွာရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးအဖွဲ့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အောင်မြင်မှုရရှိအောင် ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း၊ ကျန်းမာရေးအထူးဂရုစိုက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။ **(ယာပုံ)**

တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးအဖွဲ့တွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅) နှစ်၊ (၁၅-၂၀)နှစ်၊ အဆင့်မြင့်ပညာအဆင့်၊ ဝါသနာရှင်အဆင့် ၁၁၄ ဦးတို့က နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ဗဟိုအဆင့်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည့်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟာရီကိန်း မီလ်တန် ဖလော်ရီဒါသို့ ဖြတ်သန်းဝင်ရောက်

**ဖလော်ရီဒါ အောက်တိုဘာ ၁၀**

ဟာရီကိန်းမုန်တိုင်း မီလ်တန်ကြောင့် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တစ်လွှား စီးပွားရေးလုပ်ငန်းများနှင့် နေအိမ်ပေါင်း သုံးသန်းနီးပါး လျှပ်စစ်မီးပြတ်တောက်ခဲ့ရသည်။

အဆိုပါမုန်တိုင်းသည် အဆင့် (၁) ဟာရီကိန်းမုန်တိုင်းအဖြစ်သို့မရောက်မီ အောက်တိုဘာ ၉ ရက်က အဆင့်(၃) ဟာရီကိန်းမုန်တိုင်းအဖြစ် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း မိုးလေဝသ တာဝန်ရှိသူများက ပြောသည်။ ဖလော်ရီဒါကျွန်းဆွယ်အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက် မုန်တိုင်းကျရောက်မည်ဟု ခန့်မှန်းထားသည်။

ဟာရီကိန်းမုန်တိုင်း မီလ်တန်ကြောင့် လေဆင်နှာမောင်းများဖြစ်ပေါ်မည်ဟုလည်း မီဒီယာများတွင် ဖော်ပြသည်။ ဒေသခံခုနစ်သန်းကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့မိန့်ထုတ်ပြန်ထားသည်။ ထောင်နှင့်ချီသည့် လူများသည် အာဏာပိုင်များ၏ တိုက်တွန်းမှုကြောင့် မုန်တိုင်းဒဏ် ခိုလှုံရာ အဆောက်အအုံများသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

မုန်တိုင်းဖြတ်သန်းသွားရာ လမ်းကြောင်းရှိ ဒေသခံပြည်သူများ လုံခြုံစိတ်ချရရေး လမ်းညွှန်ချက်များကို လိုက်နာသွားရန် တိုက်တွန်းကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြောသည်။ သေရေးရှင်ရေးတမျှအရေးကြီးသည့် ကိစ္စဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လူပေါင်း ၂၃၀ ကျော်ကို သေဆုံးစေခဲ့သည့် ဟာရီကိန်းမုန်တိုင်းဟယ်လီနာဖြစ်ပွားပြီး နှစ်ပတ်အကြာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်သည့် ဖလော်ရီဒါပြည်နယ်၏ အစိတ်အပိုင်းများသို့ ဟာရီကိန်းမုန်တိုင်း မီလ်တန် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



မုန်တိုင်းဒဏ်ကြောင့် အားကစားရုံခေါင်မိုး ပျက်စီးမှုဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။

# အိန္ဒိယ တာတာအုပ်စု၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ ရာတန်တာတာ ကွယ်လွန်

**နယူးဒေလီ အောက်တိုဘာ ၁၀**

အိန္ဒိယနိုင်ငံ၏တာတာအုပ်စုမှ အငြိမ်းစားယူထားသည့် ဥက္ကဋ္ဌဟောင်း ရာတန်တာတာသည် အသက် ၈၆ နှစ်တွင် ကွယ်လွန်သွားပြီဟုသိရသည်။ ၎င်းသည် တာတာ အုပ်စုကို နှစ်ပေါင်း ၂၀ခန့် ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့ပြီး ကမ္ဘာ့ဇာတ်ခုံပေါ်သို့ တင်ပေးနိုင်ခဲ့သူလည်းဖြစ်သည်။

၎င်းသည် ၁၉၉၁ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူခဲ့ပြီး တာတာအုပ်စုသည် အဓိကအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုကြီးအဖြစ် လျင်မြန်စွာကြီးထွားလာစေခဲ့သည်။ တာတာအုပ်စုသည် သံမဏိနှင့် ကားကုမ္ပဏီများအပါအဝင် စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသည်။

တာတာ၏ ဦးဆောင်မှုအောက်တွင် ဥရောပ သံမဏိကုမ္ပဏီနှင့် ဗြိတိန် ဇိမ်ခံကားထုတ်လုပ်ရေးကဲ့သို့သော လုပ်ငန်းကြီးများကို ရယူနိုင်ခဲ့သည်။ တာတာကွယ်လွန်သွားပြီဖြစ်ကြောင်းကို အောက်တိုဘာ ၉ ရက်တွင် ကုမ္ပဏီကကြေညာခဲ့သည်။

ဆရီ ရာတန်တာတာဂျီသည် အမြော်အမြင်ရှိပြီး သနားကြင်နာတတ်သောစိတ်ထားနှင့် ထူးကဲသော လူသားဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ဆိုရှယ်မီဒီယာတွင် ရေးသားခဲ့သည်။

**အင်န်အိတ်ချ်ကေ**





တာတာအုပ်စုမှ အငြိမ်းစားယူထားသည့်ဥက္ကဋ္ဌဟောင်း ရာတန်တာတာ။

# အီရန် ဒုံးကျည်တိုက်ခိုက်မှုအပေါ် အစ္စရေး တုံ့ပြန်မှုနှင့်ပတ်သက်၍ ဘိုင်ဒင်နှင့် နေတန်ယာဟုတို့ ဆွေးနွေး

**ဝါရှင်တန် အောက်တိုဘာ ၁၀**

အောက်တိုဘာ ၁ ရက်က အီရန်ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုနှင့် ပတ်သက်၍ အစ္စရေးတုံ့ပြန်မှုအပေါ် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့သည် အောက်တိုဘာ ၉ ရက်က ဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးသည် လာမည့်ရက်များအတွင်း တိုက်ရိုက်သော်လည်းကောင်း၊ ၎င်းတို့၏အမျိုးသားလုံခြုံရေးအဖွဲ့များမှသော်လည်းကောင်း နီးကပ်စွာဆက်ဆံသွားရန် သဘောတူခဲ့ကြောင်း အိမ်ဖြူတော်က ပြောသည်။ ၎င်းတို့၏ဆွေးနွေးမှုမှာ မိနစ် ၃၀ခန့်ကြာမြင့်ပြီး ဒုတိယသမ္မတ ကာမလာဟားရစ်လည်း ပါဝင်ခဲ့သည်ဟု သိရသည်။

အီရန်တိုက်ခိုက်မှုအပေါ် အစ္စရေးတုံ့ပြန်မှုနှင့်ပတ်သက်၍ အမေရိကန်နှင့်အစ္စရေးတို့သည် ဆက်လက်ဆွေးနွေးနေကြဆဲဖြစ်သည်ဟု သတင်းထုတ်ပြန်ရေး အတွင်းရေးမှူးကပြောသည်။ ပြန်လည်တိုက်ခိုက်မှုနှင့်ပတ်သက်၍ နေတန်ယာဟုသည် အပြည့်အဝ တင်ပြခဲ့ခြင်းမရှိဟု အေဘီစီသတင်းဌာနတွင် ဖော်ပြထားသည်။ အစ္စရေးသည် လက်ဘနွန်ရှိ အီရန်ကျောထောက်နောက်ခံပြုထားသော ဟစ်ဇ်ဘိုလာအဖွဲ့ကို ပြင်းထန်စွာထိုးစစ်ဆင်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# ဂါဇာအလယ်ပိုင်းရှိ စာသင်ကျောင်းကို အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ၂၈ ဦးသေဆုံး

**ဂျေရုဆလင် အောက်တိုဘာ ၁၀**

ဂါဇာကမ်းမြောင်ဒေသ၌ နေရပ်စွန့်ခွာသူများနေထိုင်သည့် စာသင်ကျောင်းတစ်ကျောင်းကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းက အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၈ ဦး ထက်မနည်း သေဆုံးပြီး အခြား ၅၄ ဦးကျော် ဒဏ်ရာရရှိကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဒီယာအယ်ဘာလာ၏မြို့တော် ပါလက်စတိုင်း လခြမ်းနီအသင်းဌာနချုပ်အနီးတွင် တည်ရှိသည့် ရာဖီဒါကျောင်းကို အစ္စရေးတပ်မတော်က ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်း လခြမ်းနီအသင်း (ပီအာစီအက်စ်)က လူမှုကွန်ရက်မီဒီယာ X ၌ ဖော်ပြထားသည်။



သေဆုံးသူများထဲတွင် ကလေးများနှင့် အမျိုးသမီးများပါဝင်ပြီး လူနာတင်ယာဉ် အမှုထမ်းများနှင့် အရပ်ဘက် ကာကွယ်ရေးအဖွဲ့များက သေဆုံးသူများ၏ ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိခဲ့ကြောင်း မက်ဒစ်က ပြောကြားသည်။

ဂါဇာ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစကာ အစ္စရေးတပ်မတော်၏ စစ်ဆင်ရေးကြောင့် လူပေါင်း ၄၂၀၆၅ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၉၇၈၈၆ ဦး ရှိပြီဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက်တွင် ဂါဇာအခြေစိုက် ကျန်းမာရေး အာဏာပိုင်များက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု ၂ ဒသမ ၇ ရာခိုင်နှုန်းတိုးလာ

**ဂျီနီဗာ အောက်တိုဘာ ၁၀**

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုပမာဏမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာရန် ခန့်မှန်းထားကြောင်း ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့က အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါခန့်မှန်းမှုမှာ ဧပြီလအတွင်းက ခန့်မှန်းထားသည့် ရာခိုင်နှုန်းထက် အနည်းငယ်ပို၍ မြင့်မားလာသည်။ ဧပြီလအတွင်းက ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုပမာဏ ၂ ဒသမ ၆ ရာခိုင်နှုန်းတိုးလာမည်ဟု ခန့်မှန်းထားခဲ့သည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုမှာ အတက်ဘက်တွင်ရှိနေသည်ဟု အစီရင်ခံစာအရ သိရသည်။ ၂၀၂၄ ခုနှစ် နှစ်လယ်တွင် ဗဟိုဘဏ်များ၏ အတိုးနှုန်းကို လျှော့ချနိုင်စေရန် ငွေကြေးဖောင်းပွမှု လုံလောက်စွာကျဆင်းခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့က မှတ်ချက်ပြုခဲ့သည်။ **ဆင်ဟွာ**

# တူကီယဲက လက်ဘနွန်နိုင်ငံသို့ အကူအညီများ ဆက်လက်ထောက်ပံ့ပေးမည်

**အင်ကာရာ အောက်တိုဘာ ၁၀**

တူကီယဲနိုင်ငံက အစ္စရေး - ဟစ်ဇ်ဘိုလာတင်းမာမှုများ မြင့်တက်နေချိန်တွင် လက်ဘနွန်နိုင်ငံသို့ အကူအညီများ ဆက်လက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

လက်ဘနွန်နိုင်ငံမှ မိမိတို့နိုင်ငံသားများကို ဘေးကင်းစွာကယ်တင်နိုင်ခဲ့ပြီး ဘေရွတ်မှထွက်ခွာသည့် လက်ဘနွန်ပြည်သူများကို လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးဆောင်သည့် သင်္ဘောများမှာ မာဆင်မြို့သို့သွားရောက်ခဲ့ကြောင်း တူကီယဲ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖီဒန်က လူမှုကွန်ရက်မီဒီယာ X တွင် ပြောကြားသည်။

တူကီယဲနိုင်ငံအနေဖြင့် အစ္စရေး၏ ဖြန့်ကြက်ထားသည့် စစ်ပွဲကြောင့် လူသားချင်းစာနာမှု အကျပ်အတည်းများနှင့် ရင်ဆိုင်နေရချိန်တွင် လက်ဘနွန်ပြည်သူများကို ပိုမိုတိုးမြှင့် ကူညီသွားမည်ဖြစ်ကြောင်း ပြောသည်။ လိုအပ်ပါက တူကီယဲနိုင်ငံ၏ သင်္ဘောများနှင့် လေယာဉ်များကို လက်ဘနွန်မှ နောက်ထပ် ပြောင်းရွှေ့မှုများအတွက် ပြင်ဆင်ထားကြောင်း အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

# အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၁၀** ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်တစ်ပါးသည် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းကြိုးအား တိုက်မိခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ဆရာတော် ဘဒ္ဒန္တတေစန္တိယသည် အောက်တိုဘာ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရေပူကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ရာ ရေပူကျေးရွာ၏ အနောက်ဘက်မီတာ ၄၅၀ ခန့်အကွာသို့ အရောက် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းကြိုးအား တိုက်မိ၍ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကမမောင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများသည် အများပြည်သူ ဆက်သွယ်အသုံးပြုလျက်ရှိသည့် လမ်းကြောင်းများတွင် ယခုကဲ့သို့ မိုင်းထောင်မှုများကြောင့် ခရီးသွားလာရေးတွင် အခက်အခဲများဖြစ်ပေါ်စေသဖြင့် ယင်းလုပ်ရပ်များကို ဒေသခံပြည်သူများက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဖာပွန်မြို့နယ် ရေပူကျေးရွာအနီး၌ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိမှု။

ဖာပွန်မြို့နယ် ရေပူကျေးရွာအနီး၌ အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် နေရာပြပုံ။




# ငါန်းဇွန်မြို့နယ် ညောင်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လွှင့်ဆော်ဝါဒဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၁၀** မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ညောင်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူ ၁၀၀ ခန့်ကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လွှင့်ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသခံပြည်သူများ အသွင်ဆောင်၍ မြို့ရွာများအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီး ယာယီနေရပ်စွန့်ခွာသူများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်ရေးသားထားသည့် လုပ်ကြံသတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ လွှင့်ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ် တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မုံရွာထောင်တွင် ဖမ်းဆီးအကျဉ်းကျခံနေရသော CDM ဝန်ထမ်းများကို ထောင်အာဏာပိုင်များက စစ်ကောင်စီလက်အောက်တွင် တာဝန်ပြန်ထမ်းဆောင်ရန် အကျဉ်းဦးစီးဌာနက ဖိအားပေးစည်းရုံးနေဟု ခေတ်သစ်သတင်းဌာနက သတင်းတု၊ သတင်းမှား ရေးသားဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၁၀** Khit Thit Media အမည် Facebook Page တွင် အောက်တိုဘာ ၆ ရက်က မုံရွာထောင်တွင် ဖမ်းဆီး အကျဉ်းကျခံနေရသော CDM ဝန်ထမ်းများကို ထောင်အာဏာပိုင်များက စစ်ကောင်စီလက်အောက်တွင် တာဝန်ပြန်ထမ်းဆောင်ရန် အကျဉ်းဦးစီးဌာနက ဖိအားပေးစည်းရုံးနေ ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် မုံရွာအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်သား၊ အကျဉ်းသူ ဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကို ချိုးဖောက်၍ တရားရုံးက ပြစ်ဒဏ်ပေးထားသော အကျဉ်းသား၊ အကျဉ်းသူများသာရှိပြီး ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား၊ အကျဉ်းသူများထဲတွင် CDM ပြုလုပ်ထား၍ ပြစ်ဒဏ်ကျခံနေရသည့် ဝန်ထမ်းများအား Non CDM ပြုလုပ်ရန် ခြိမ်းခြောက်၍ လက်မှတ်ထိုးခိုင်းသည် ဆိုသည်မှာ မှန်ကန်မှုမရှိသည့်အပြင် ထောင်တာဝန်ခံ အရာရှိသည် ၎င်းကိုယ်တိုင်ရေးသားထားသည့် CDM အမည်စာရင်းမှ ပယ်ဖျက်ခွင့်ပေးရန် အသနားခံစာကို CDM ပြုလုပ်ပြီး ပြစ်ဒဏ်ကျခံနေသော အကျဉ်းသားများအား ၎င်းရုံးခန်းတွင် လက်မှတ်ထိုးခိုင်းသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ပြင် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် မည်သည့် အကျဉ်းသားကိုမဆို ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် ပတ်သက်၍ ထောင်တာဝန်ခံအရာရှိအနေဖြင့် ရုံးခန်း၌ခေါ်ဆောင်၍ ဖိအားပေး ခြိမ်းခြောက် လက်မှတ်ထိုးခိုင်းခြင်းမျိုးမရှိဘဲ အကျဉ်းထောင်ဥပဒေစည်းမျဉ်း၊ စည်းကမ်းအတိုင်းသာ နေထိုင်ရန် တိုက်တွန်းခဲ့ခြင်းသာ ရှိကြောင်း သိရသည်။ ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းနှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် သတင်းတု၊ သတင်းမှား ဖော်ပြခြင်းသာဖြစ်သည်။ **သစ္စာ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၀** အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@yimyint123” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ရီမြင့်အား မွန်းလွဲ ၁ နာရီ ၂၀ မိနစ်တွင် မဟာအောင်မြေမြို့နယ် အမှတ် (၇)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**



## ပဲခူးမြို့၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်း (၃/၂၀၂၄) ဖွင့်

**ပဲခူး အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး) သင်တန်းခန်းမ၌ အောက်တိုဘာ ၁၀ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီကကြီးမှူး၍ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်း (၃/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်မာသက်က သင်တန်းဖွင့်လှစ်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များက ပြသထားသည့် ထုတ်ကုန်ပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

အဆိုပါ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းကို အောက်တိုဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကာ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြကြောင်း သိရသည်။

**သက်ထက်**

## သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

၁၃၈၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် (၃၇) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အသင်းအတွင်းရေးမှူးဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်ကြည် (အောင်ကြည်ညွန့် - တက္ကသိုလ်) တို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

ထိုသို့လှူဒါန်းရာတွင် သာကေတမြို့နယ် စာရေးဆရာအသင်းက အလှူငွေကျပ်ငါးသိန်း၊ ဦးစိုးမြင့်(စိုးမှူး)-ဒေါ်ကြည်ကြည်ခင် (စိုးကြည်ဖြူ) သမီး-အကယ်ဒမီစိုးမြတ်သူဇာမိသားစုက ငွေကျပ်သုံးသိန်း၊ ဒေါပုံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၂၂၅၀၀၀၊ မှော်ဘီမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀၊ ဗဟန်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်တစ်သိန်းနှင့် သန်လျင်မြို့နယ်စာရေးဆရာအသင်းက ငွေကျပ်သုံးသောင်းတို့ လှူဒါန်းခဲ့ကြသည်။

အလှူရှင်များအနေဖြင့် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်ထူထပ်ပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

## တောင်ငူမြို့၌ ဆောင်းဆီထွက်သီးနှံ (နေကြာ)အထွက်နှုန်းတိုးတက်စေရေး ပညာပေး

**တောင်ငူ အောက်တိုဘာ ၁၀**



တောင်ငူမြို့၌ ဆောင်းဆီထွက်သီးနှံ (နေကြာ) အထွက်နှုန်းတိုးတက်စေရေး ပညာပေးရက်တိုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်က မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ သင်တန်းဖွင့်အခမ်းအနားတွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်မင်းလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောဇော်ဇော်ဂျိန်းတို့က နေကြာသီးနှံ အထွက်တိုးရေး ဆွေးနွေးပို့ချကြရာ တက်ရောက်လာကြသော နေကြာသီးနှံစိုက်ပျိုးသည့် တောင်သူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းကြသည်။

အဆိုပါ ပညာပေးရက်တိုသင်တန်းသို့ တောင်ငူခရိုင်အတွင်းရှိ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့မှ တောင်သူ စုစုပေါင်း ၅၄ ဦး တက်ရောက်ခဲ့ကြပြီး တောင်ငူခရိုင်အနေဖြင့် ၂၀၂၄ ခုနှစ်၌ ဆောင်းဆီထွက်သီးနှံ (နေကြာ)ကေပေါင်း ဧက ၁၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကမာဝက်မြို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါ ကာကွယ်ဆေးတိုက်ကျွေး

**မုဒုံ အောက်တိုဘာ ၁၀**

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို အောက်တိုဘာ ၈ ရက်က ကျိုက်ဇယ်ဓမ္မာရုံ ဆေးတိုက်စုရပ်၌ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးရရှိထားသူများသည် ကာကွယ်ရန်သာမက ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ခြင်းဖြင့် ပြည်သူလူထုအတွင်း ရောဂါဖြစ်ပွားမှုကို လျှော့ပါးစေရန်၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း လွှမ်းခြုံမှုရာခိုင်နှုန်း ၉၀ ကျော် ရရှိပါက လူထုအကြား ရောဂါခုခံကာကွယ်နိုင်စွမ်း မြင့်တက်လာပြီး ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် အသက်တစ်နှစ်အထက် ကလေး၊လူကြီးများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး(OCV) ကို တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော် ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်နယ်/မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက မြို့နေပြည်သူ ၅၀ အား ရောဂါကာကွယ်ဆေး တိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**



## သာယာဝတီမြို့၌ ဆီထွက်သီးနှံစိုက်ပျိုးရန် တောင်သူများအား နေကြာမျိုး၊ မြေပဲမျိုးစေ့နှင့် မြေဩဇာပေးအပ်




**သာယာဝတီ အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် ဆောင်းဆီထွက် သီးနှံစိုက်ပျိုးရန် တောင်သူများသို့ နေကြာမျိုး၊ မြေပဲမျိုးစေ့နှင့် မြေဩဇာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က သာယာဝတီမြို့နယ် ဆရာစံခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား နေကြာမျိုးစေ့၊ မြေပဲမျိုးစေ့နှင့် ယူရီးယား ဓာတ်မြေဩဇာများ ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

**ခရိုင် (ပြန်/ဆက်)**

# ပရို ပီသစွာ ရပ်တည်ပါ

**ငြိမ်းချမ်းအောင်**

**ငယ်စဉ်က ဖတ်ရှုခဲ့ဖူးသည့် ဆရာလင်းယုန်မောင်မောင်၏ "ပုလဲဆိပ်ကမ်း တစ်နေ့တာမှတ်တမ်း"စာအုပ်တွင် ဂျပန်စစ်လေယာဉ်များ အလစ်ဝင်ရောက်တိုက်ခိုက်နေသည့်ကြားမှ နီဗားဒါးစစ်သင်္ဘောပေါ်မှ ဘင်ခရာတီးဝိုင်းအဖွဲ့သည် အလံတင်အခမ်းအနားကိုပြီးစီးအောင် တီးမှုတ်သွားခဲ့သည်။ သူတို့တစ်သက်တာတွင် အမျိုးသားသီချင်းကို နှစ်ပေါင်းများစွာ တီးမှုတ်ခဲ့ရာ၌ တစ်ကြိမ်တစ်ခါမျှ တစ်ပိုင်းတစ်စဖြင့် ရပ်ပစ်ခဲ့ရခြင်းမရှိ၍ ဖြစ်သည်။**

> ❑ **မိမိတို့ နေ့စဉ်ကြုံတွေ့ခဲ့ရသည့် ပတ်ဝန်းကျင်တွင်မူ ပရိုပီသစွာ ရပ်တည်သူများ တစ်နေ့တခြား နည်းပါးလာသည်ဟု ဆိုရမည်။ လက်ရှိ လုပ်ကိုင်နေသည့် ကိုယ့်အသက် မွေးဝမ်းကျောင်းမှုပညာနှင့် စပ်ဆိုင်သော အလုပ်အကိုင်အပေါ် အာရုံစူးစိုက်ရမည့်အစား လုပ်ငန်းနှင့်မစပ်ဆိုင် မဆီလျော်၊ သဘာဝမကျသော ပြုမူပြောဆိုမှုများကိုသာ နယ်ပယ်နေရာအနှံ့တွင် တွေ့မြင်လာရ**
>
> ❑ **မျက်မှောက်ကာလတွင်လည်း ပရော်ဖက်ရှင်နယ် ဘောလုံးအားကစားသမားများသည် ပရိုပီသစွာ ကစားလေ့ရှိကြသည်။ အချို့တိုက်စစ်မှူးများဆိုလျှင် နှစ်ပေါင်းများစွာ ကျင်လည်ကစားခဲ့ဖူးသော အသင်းဟောင်းပင်ဖြစ်စေ ဂိုးသွင်းယူ၍ သူတို့၏ ပရိုပီသမှုကိုပြခဲ့ကြ**

နှစ်မြုပ်လုဆဲဆဲ ဥက္ကလာဟိုးမားသင်္ဘောဝမ်းထဲရှိ ပွဲကိုင်အင်ဂျင်စက်ခန်းအတွင်း လှောင်ပိတ်မိနေကြသည့် သင်္ဘောသားရှစ်ဦးတို့မှာလည်း သင်္ဘောဝမ်းထဲမှ လွတ်မြောက်ရန် ကြိုးစားခဲ့ရာ၌ ဒီမိုကရေစီစနစ်ကို မြတ်နိုးသူများပီပီ သေအံ့ဆဲဆဲ အချိန်မှာပင် ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးခဲ့ကြသည်။ သင်္ဘောဝမ်းထဲမှ လွတ်မြောက်ရေးအတွက် တစ်စုံတစ်ရာ လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုပါက ဒီမိုကရေစီစနစ်အရ အများသဘောတူမဲခွဲဆုံးဖြတ်ပြီးမှသာ လုပ်ကိုင်ခဲ့ကြလေသည်။

မျက်မှောက်ကာလတွင်လည်း ပရော်ဖက်ရှင်နယ် ဘောလုံးအားကစားသမားများသည် ပရိုပီသစွာ ကစားလေ့ရှိကြသည်။ အချို့တိုက်စစ်မှူးများဆိုလျှင် နှစ်ပေါင်းများစွာ ကျင်လည်ကစားခဲ့ဖူးသောအသင်းဟောင်းပင်ဖြစ်စေ ဂိုးသွင်းယူ၍ သူတို့၏ ပရိုပီသမှုကို ပြခဲ့ကြသည်။ သို့သော် ကစားသမားအချို့က အသင်းဟောင်းအပေါ် စွဲမြဲတည်ရှိခဲ့ဖူးသော သံယောဇဉ်အရ အောင်ပွဲခံခြင်းမပြုခဲ့ကြချေ။

မိမိတို့ နေ့စဉ်ကြုံတွေ့ခဲ့ရသည့် ပတ်ဝန်းကျင်တွင်မူ ပရိုပီသစွာရပ်တည်သူများ တစ်နေ့တခြား နည်းပါးလာသည်ဟု ဆိုရမည်။ လက်ရှိလုပ်ကိုင်နေသည့် ကိုယ့်အသက်မွေးဝမ်းကျောင်းမှုပညာနှင့် စပ်ဆိုင်သော အလုပ်အကိုင်အပေါ် အာရုံစူးစိုက်ရမည့်အစား လုပ်ငန်းနှင့်မစပ်ဆိုင် မဆီလျော်၊ သဘာဝမကျသော ပြုမူပြောဆိုမှုများကိုသာ နယ်ပယ်နေရာအနှံ့တွင် တွေ့မြင်လာရသည်။

တစ်နေ့က လမ်းကြုံ၍ ရပ်ကွက်ဈေးအတွင်း ဈေးဝင်ဝယ်ရင်း စိမ်းစိမ်းစိုစို ကန်စွန်းရွက်များကို တွေ့၍ ရွေးဝယ်နေခိုက် ကန်စွန်းရွက်သည်က မဆီမဆိုင် **"XX နိုင်ငံက ကန်စွန်းရိုးပွဆေးတွေ မရောင်းတော့လို့ ဈေးတွေတက်ကုန်တာ။ အဲဒီနိုင်ငံက မြန်မာနိုင်ငံကို ဒုက္ခပေးနေတာ"**ဟု ဆိုလေသည်။

**"လာနော်၊ လတ်လတ်ဆတ်ဆတ် ကန်စွန်းရွက်တွေ တစ်စည်းမှငါးရာတည်း၊ တန်မှ တန်၊ လှမှလှ၊ ဦးရာလူရမယ်။ ရွေးဝယ်ထား"** စသည်ဖြင့် ကိုယ့်ကုန်ပစ္စည်း အမြန်ဆုံး အရောင်းထွက်ရန် ဈေးခေါ်သံကိုမူ ဈေးထဲမှ ပြန်ထွက်ခဲ့သည့်တိုင် သူ့ထံမှမကြားမိခဲ့ချေ။

ထိုနည်းတူ လူသုံးကုန်ဆိုင်တစ်ဆိုင်တွင်လည်း **"ဘယ်ပစ္စည်းက ဘယ်ဈေး၊ ဘယ်ပစ္စည်းက ဈေးချိုပြီး အရည်အသွေးကောင်းသည်၊ ဘယ်ပစ္စည်းက လတ်တလောလူသုံးများသည်၊ ဒါလေးသုံးကြည့်ပါလား"** စသည်ဖြင့် မသိရ၊ မကြားရ။ ကြားရသည်က **"ဈေးတွေတက်မှာပေါ့၊ ငွေစက္ကူတွေကို အများကြီး ရိုက်ထုတ်နေတာကိုး"**ဟူ၍သာ။

ကိုယ့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် အလုပ်ကို အလုပ်နှင့်တူအောင် ပရော်ဖက်ရှင်နယ် ပီသစွာ ရောင်းဝယ်နေသူများလည်း မရှိမဟုတ်၊ ရှိပါသည်။

တစ်နေ့က အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် အိမ်ဆောက်ပစ္စည်းဆိုင်တစ်ဆိုင်တွင် အိမ်အတွက်လိုအပ်သော သဲ ကျပ်ငါးရာဖိုးဝယ်ဖြစ်သည်။ ထိုဆိုင်တွင် အိမ်အတွက် လိုအပ်သောပစ္စည်းတချို့ သုံး၊ လေး၊ ငါးကြိမ်ဝယ်ဖူးသည်။ သို့သော် တစ်ခါဝယ်လို့ တန်ဖိုးအားဖြင့် ငွေကျပ် သုံး၊ လေး၊ ငါးထောင်ပင် မရှိခဲ့ချေ။ သည်တစ်ခေါက်ဝယ်တော့ ဆိုင်အလုပ်သမားလေးမှာ ယခင်ထည့်ပေးနေကျလူ မဟုတ်ဘဲ လူသစ်ဖြစ်နေသည်။ ကောင်တာမှာ ထိုင်နေသည့် မုတ်ဆိတ်ဖားဖားနှင့် ဆိုင်ရှင်လူကြီးက အလုပ်သမား လူသစ်လေးလုပ်နေပုံကို အကဲခတ်နေရာမှ ချက်ချင်းထလာပြီး **"ဟေ့၊ အဲဒါ ငါ့ဖောက်သည်ကွ၊ ပိုထည့်ပေးလိုက်"**ဟု ညွှန်ကြားပါတော့သည်။ သူသည် မိမိ၏ လတ်တလော ငွေကျပ် ငါးရာထက် သူ့ဆိုင်အတွက် အမြဲတမ်းဖောက်သည်တစ်ယောက် ဖြစ်လာစေရန် နောင်အရှည်ကို မျှော်ကိုးရည်မှန်းတွက်ချက်ရောင်းချပေးခြင်းသာ ဖြစ်ပေလိမ့်မည်။ ပရော်ဖက်ရှင်နယ် ပီသပေစွ။

စားသောက်ကုန်မှအစ ကုန်ပစ္စည်းအစုံ ရောင်းချနေသော အသားဖြူဖြူနှင့် အစ်မကြီးများ၏ ကုန်စုံဆိုင်တစ်ဆိုင်မှာလည်း တစ်နေ့တစ်နေ့ လက်မလည်အောင် ရောင်းချနေသည့်ကြားက ဈေးဝယ်သူများမလစ်ဟင်းစေရန် အရောင်းဝန်ထမ်းလေးများကို ထောင့်စေ့အောင် ဦးဆောင်မောင်းနှင်ပေးနိုင်သည်။ တစ်ခုဝယ်ဝယ်၊ ဆယ်ခုဝယ်ဝယ် အချိန်မလစ်ဟင်းစေရ၊ အချိန်မကုန်စေရပါ။ မဝယ်ယူဘဲ လက်ချည်းသက်သက်ပြန်ထွက်သွားသူမရှိစေရလောက်အောင် အာရုံစူးစိုက်မှုအပြည့်ဖြင့် ကြီးကြပ်ရောင်းချပေးလျက်ရှိသည်။

သို့ရာတွင် မိမိတို့ပတ်ဝန်းကျင်ရှိအများစုမှာမူ ဈေးဝယ်သူဆိုင်ရှေ့ရပ်နေသည့်တိုင် ဖုန်းပွတ်မပျက်၊ မတတ်သာ၍ ရောင်းချပေးသည့်တိုင် သူ့ကို အနှောင့်အယှက်လာပေးသလို မျက်နှာထားနှင့်ဖြစ်၍ ကိုယ်ကပင်အားနာသလို ဖြစ်ရသည်။

သူတို့အဖို့ ကိုယ့်အသက်မွေးဝမ်းကျောင်းမှု အလုပ်ထက် ပလိဗောမည်သော အပိုအလုပ်များကိုပို၍ ကြောင့်ကြစိုက်လေ့ရှိကြသည်။ အာရုံစိုက်လေ့ရှိကြသည်။ တက္ကစီဆရာ အချို့က ဒီမိုကရေစီစကားကို အမြုပ်ထွက်မတတ်ပြောကြားပြီး ခရီးသည်တွေ့လျှင် ရှေ့ကားနောက်ကားမကြည့် ရပ်ချင်သည့်နေရာ ထိုးရပ်သည်။ တစ်ခါတစ်ရံ ကိုယ်မောင်းနှင်ရမည့်ခရီးအတွက် ခရီးသည်ကို ဘယ်လမ်းက မောင်းရမလဲဟုပင် ပြန်မေးချင်မေးတတ်သည်။

ဆိုက်ကားဆရာများကလည်း ပြီးခဲ့သည့် ဒီမိုကရေစီပါတီစုံရွေးကောက်ပွဲအကြို ကာလများတွင် ကိုယ်နှစ်သက်ထောက်ခံရာ ပါတီအလံများ တလူလူလွှင့်၍ ဥဒဟိုနင်းကြသည်။ ကိုယ့်ကိုပိုက်ဆံပေးမည့်ခရီးသည်များကို အဝါ၊ အစိမ်း၊ အနီ အရောင်ကာလာများဖြင့် ခွဲခြားကန့်သတ်လိုက်ခြင်းဖြစ်သည်။ သူလွှင့်ထူထားသည့် ပါတီအလံကိုကြည့်၍ မထောက်ခံသူက တက်မစီးတော့။ သို့နှင့် ခရီးတစ်ခေါက်စာနစ်နာရုံမက ဖောက်သည်ကောင်းတစ်ယောက်ကိုလည်း ဆုံးရှုံးသွားရခြင်းဖြစ်ပေသည်။ အမှန်တကယ်အားဖြင့်မူ ကိုယ့်အသက်မွေးဝမ်းကျောင်းအလုပ်က ဆိုက်ကားနင်းပြီး စီးပွားရှာရသည်ဖြစ်၍ နီနီ၊ စိမ်းစိမ်း၊ ဝါဝါ၊ ပြာပြာ ကိုယ့်အလုပ်မဟုတ်။ ကိုယ့်အလုပ်က သမ္မာအာဇီဝအလုပ်ဖြင့် ခရီးသည်ထံမှ ပိုက်ဆံရှာဖွေရေးပင်ဖြစ်သည်။

၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးအပြောင်းအလဲကာလနောက်ပိုင်းတွင်မူ စိတ်ခံစားချက် ပြင်းထန်သူများ၊ တစ်ဖက်စွန်းရောက်သူများသည် အရာရာကို နိုင်ငံရေးအမြင်ဖြင့် ရောထွေးယှက်နွယ်ကာ သဘာဝမကျသော၊ ပရော်ဖက်ရှင်နယ်မပီသသော အတွေးအမြင်၊ ပြောဆိုလုပ်ကိုင်မှုများကို ပိုမိုလုပ်ဆောင်လာကြသည်။

နိုင်ငံရေး အကြောင်းအရာတစ်ခုတည်းကိုသာ ရှေ့တန်းတင်လာကြ၍ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟများ အချင်းချင်းကြား မခေါ်နိုင်၊ မပြောနိုင် မဆိုနိုင်ဖြင့် စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်လာခဲ့ကြသည်။ လူမှုစီးပွားဘဝတွင်လည်း နိုင်ငံရေးသာအခရာဖြစ်လာ၍ မိမိတို့ အသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ဆက်စပ်သောလုပ်ငန်းများ ဆုတ်ယုတ်ပျက်စီးလာခဲ့ကြသည်။

အထူးသဖြင့် ကျေးလက်ဒေသများတွင် အလုံးစုံပျက်သုဉ်းရေးကို လိုလားသူ နိုင်ငံရေးသမား အမည်ခံအဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် အပြစ်မဲ့ပြည်သူများမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည်ဖြင့် အဘက်ဘက်မှ ဆုံးရှုံးနစ်နာမှုများစွာကြုံတွေ့ခဲ့ကြရလေသည်။

**နိုင်ငံရေးအစွဲအလမ်းများကား ကြီးမားလျှင် ကြီးမားသလို၊ ပြင်းထန်လျှင် ပြင်းထန်သလို ကြောက်မက်ဖွယ်ကောင်းလှသည်။ မိမိအကျိုးစီးပွားကို တူးဖြိုနေသည်ကိုပင် တူးဖြိုနေမှန်း မသိရလောက်အောင် ဆိုးရွားလှသည်။ မိမိတို့၏ရင်သွေးသားသမီးများကို ပညာတတ်များ ဖြစ်လာစေရန် ပရော်ဖက်ရှင်နယ်ပီသစွာ ပညာသင်ပေးနေသော ဆရာ ဆရာမများကို CDM မလုပ်၍ဟုဆိုကာ အုပ်စုဖွဲ့၍ အော်ဟစ်လှောင်ပြောင် မောင်းထုတ်ကြသည်။**

မိမိတို့ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကို ပရော်ဖက်ရှင်နယ်ပီသစွာ ပြုစုစောင့်ရှောက်ကုသပေးနေသော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်း CDM မလုပ်၍ဟုဆိုကာ အုပ်စုဖွဲ့၍ အော်ဟစ်လှောင်ပြောင် ဆန္ဒပြကာ ဆေးရုံမှမောင်းထုတ်ကြပြန်သည်။

ရပ်ရှင်အနုပညာအပါအဝင် နယ်ပယ်အသီးသီး၊ အလွှာအသီးသီးတွင် မိမိ၏အသက်မွေးဝမ်းကျောင်းဘဝရပ်တည်မှုအတွက် ပရော်ဖက်ရှင်နယ်ပီသစွာ အလုပ်အကိုင်မပျက် ဆက်လက်လုပ်ကိုင်နေကြသူများကိုလည်း အရောင်ကာလာတံဆိပ်ကပ်၍ ခွဲခြားဆက်ဆံလာကြသည်။ အထူးသဖြင့် လူမှုကွန်ရက်စာမျက်နှာကို အသုံးချ၍ စွပ်စွဲတိုက်ခိုက်ခဲ့ကြပြန်သည်။

ထိုမှတစ်ဆင့်တက်ကာ ဘဝအတွေ့အကြုံနုနယ်သေးသူလူငယ်များကို အစွန်းရောက် အကြမ်းဖက်သမားများအဖြစ် အသုံးချ၍ သဘောထားအမြင်မတူသူများ၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် ပရော်ဖက်ရှင်နယ်ပီသစွာ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသူ နိုင်ငံ့ဝန်ထမ်းများကို **ငါနှင့်မတူ ငါ့ရန်သူ** အဖြစ်သတ်မှတ်၍ လုပ်ကြံသတ်ဖြတ်ရန် ခိုင်းစေလာကြသည်။

သဘာဝလောကကြီးအတွင်း နေထိုင်နေကြသော လောကလူသားများအဖို့ မိမိကျင်လည်ရပ်တည်ရာသဘာဝနှင့်အညီ လိုက်လျောညီထွေရှိရန် သဘာဝကျကျတွေးမြင် လုပ်ကိုင်ဆောင်ရွက်တတ်ဖို့လိုပါသည်။ အရာရာကို နိုင်ငံရေးသဘောထားအမြင်တစ်ခုတည်းဖြင့် ရှုမြင်၍မရပါ။ သူ့နယ်ပယ်နှင့်သူ၊ သူကဏ္ဍနှင့်သူခွဲခြားရှုမြင်ကြရပါမည်။ ထွေးရောယှက်တင်ပေါင်းစပ်၍မရသော အရာများ၊ နယ်ပယ်များစွာရှိပါသည်။ အထူးသဖြင့် နိုင်ငံရေးနှင့်ဘာသာရေးနယ်ပယ်ဖြစ်ပေသည်။

မြတ်ဗုဒ္ဓ၏ ပဋ္ဌာန်းမြတ်ဒေသနာတော်တွင်လည်း ကုသိုလ်ဖြစ်သည့် နာမ်ခန္ဓာလေးပါးသည် အပြန်အလှန်ကုသိုလ်ဖြစ်သည့် နာမ်ခန္ဓာကိုပင် သမ္ပယုတ္တသတ္တိနှင့် ကျေးဇူးပြုသည်။ ထို့အတူ အကုသိုလ်နာမ်ခန္ဓာလေးပါးသည် အကုသိုလ်နာမ်ခန္ဓာလေးပါးကိုသာ ကျေးဇူးပြုနိုင်သည်။ ကုသိုလ်တရားက ကုသိုလ်တရားကို၊ အကုသိုလ်ဆိုလျှင် အကုသိုလ်ချင်းသာ ပေါင်းစပ်၍ရနိုင်သည်။

**ကုသိုလ်နှင့် အကုသိုလ်သည် အခြေခံချင်း၊ သဘာဝချင်းမတူညီသဖြင့် ရေနှင့်မီးပေါင်း၍ မရသလို မတူတာချင်းရော၍ မရပေ၊ ပေါင်းစပ်၍မရနိုင်ပေ။ သဘာဝတရားချင်းတူမှ တစ်ခုတည်းဟု ထင်ရအောင် ပေါင်းစပ်၍ရပါသည်။ သဘာဝတရားချင်း မတူလျှင် ပေါင်းစပ်၍မရနိုင်ပေ။ ထို့အတူ ကုသိုလ်ဟုလည်း ခေါ်၍မရ၊ အကုသိုလ်ဟူ၍လည်းခေါ်၍ မရသည့် ဝိပါက်၊ ကြိယာ အဗျာကတဖြစ်သည့် နာမ်ခန္ဓာလေးပါးသည်လည်း အဗျာကတဖြစ်သည့် နာမ်ခန္ဓာလေးပါးကိုသာ သမ္ပယုတ္တသတ္တိနှင့် ကျေးဇူးပြုနိုင်သည်ဟု ဆိုပါသည်။**

သို့ဖြစ်၍ လောကီနယ်ပယ်တွင်လည်း ပေါင်းစပ်၍ မရနိုင်သည်များကို သူ့နယ်ပယ်နှင့်သူ၊ အကန့်လိုက်၊ အပိုင်းလိုက် ကန့်သတ်ခွဲခြား ရှုမြင်ကြရပါမည်။ အရာရာကို နိုင်ငံရေးအမြင်ဖြင့်၊ နိုင်ငံရေးပေတံဖြင့် ရှုမြင်တိုင်းတာ၍ မရစကောင်းပေ။ နိုင်ငံရေးအသွေးအရောင် မည်မျှကွဲပြားခြားနားစေကာမူ မိမိဘဝရပ်တည်မှုအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ မိမိလုပ်ငန်းခွင်အတွင်း ပရိုပီသစွာရပ်တည်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကရင်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ ပေါ်ထွန်းလာစေရေး လုပ်ငန်းညှိနှိုင်း

**ဘားအံ အောက်တိုဘာ ၁၀**

ကရင်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ ပေါ်ထွန်းလာစေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ အောက်တိုဘာ ၇ ရက်က ကျင်းပရာ ပြည်နယ်ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီး ၂၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



အစည်းအဝေးတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ၂၀၂၄-၂၅ ပညာသင်နှစ်တွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများအတွက် အခြေခံစံနှုန်းလေးရပ်နှင့် အညွှန်းကိန်း ၁၇ ချက်ပါအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဘားအံခရိုင်အတွင်းရှိ အမည်စာရင်းပေးသွင်းထားသော အခြေခံပညာကျောင်း ၁၄ ကျောင်းမှ ကျောင်းအုပ်ကြီးများက သိရှိလိုသည်များ အပြန်အလှန်မေးမြန်းဆွေးနွေးကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆရာကိုင်လက်စွဲစာအုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် အိမ်သာခွက်နှင့်အိမ်သာပိုက်များ ထောက်ပံ့ပေးအပ်



**ရမည်းသင်း အောက်တိုဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာနမှ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ရမည်းသင်းမြို့နယ်အတွင်း ရေဘေးသင့်အိမ်ထောင်စုများအား အိမ်သာခွက်နှင့် အိမ်သာပိုက်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၈ ရက်က ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ရေဘေးသင့်ပြည်သူများ ပတ်ဝန်းကျင်သန့်ရှင်းစေရန်အတွက် လိုအပ်သည့် အိမ်သာခွက်နှင့် အိမ်သာပိုက်များ ထောက်ပံ့ပေးရခြင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူးမှ အိမ်သာခွက်နှင့် အိမ်သာပိုက်အစုံ ၃၀၀၀ ကို ပေးအပ်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းတို့က လက်ခံယူခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာအပြည်ပြည်ဆိုင်ရာအနုညာတခုံရုံးအသင်းသို့ AIAC မှ ဒါရိုက်တာ ဦးဆောင်သောအဖွဲ့ လာရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (အမ်အိုင်အေစီ) တည်ရှိရာ စမ်းချောင်းမြို့နယ်သို့ ASIAN International Arbitration Centre (AIAC)မှ DATO MARY LIM THIAM SUAN ဦးဆောင်သောအဖွဲ့ဝင် ရှစ်ဦးတို့ အောက်တိုဘာ ၇ ရက်က လာရောက်လေ့လာရာ MIAC ဗဟိုမှ ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ MAC(ဗဟို) နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဦးတင်ဇော်လတ်နှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အလုပ်အမှုဆောင်များမှ ကြိုဆိုကြသည်။

ထို့နောက် အနုညာတခန်းမ၌ နှစ်ဖက်တွေ့ဆုံဆွေးနွေးကြရာတွင် AIAC ဒါရိုက်တာမှ မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်းနှင့် မလေးရှားနိုင်ငံ တရားသူကြီးချုပ် (အငြိမ်းစား) ဦးဆောင်သော L2 I-CON INTERNATIONAL အဖွဲ့အစည်းနှစ်ရပ်တို့အကြား ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြခြင်းနှင့် Yangon ADR သင်တန်းနှစ်ရက်တာ ဖွင့်လှစ်ပို့ချနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ AIAC ၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများ၊ အနုညာတစီရင်ဆုံးဖြတ်ချက်များ အကြောင်းရှင်းလင်းဆွေးနွေးခဲ့သည်။ MIAC (ဗဟို)ဥက္ကဋ္ဌက MAC ၏ ဖွဲ့စည်းပုံ၊ သင်းဖွဲ့စည်းမျဉ်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့ခွဲများ ဖွဲ့စည်းထားရှိမှု၊ Arbitrator များ မွေးထုတ်ထားရှိမှု၊ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၇ ပုဒ်မ ၁၀ တို့အရ ဆောင်ရွက်ခဲ့သော အနုညာတ စီရင်ဆုံးဖြတ်ချက်များအကြောင်း ပြောကြားသည်။ **တင်ဝင်းတင်**



# ရွှေပညာဒါန (အခမဲ့) သင်တန်းအမှတ်စဉ်(၃၄)၌ ကျောက်မျက်ပညာသင်ကြား

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှကြီးမှူးဖွင့်လှစ်သည့် ရွှေပညာဒါန (အခမဲ့)ရွှေပညာသင်တန်း အမှတ်စဉ်(၃၄)ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အောက်တိုဘာ ၈ ရက်က ကျောက်မျက်ဘာသာရပ်ကို သင်ကြားပို့ချသည်။

အဆိုပါ ကျောက်မျက်ဘာသာရပ်ကို သုခမ္မမဏိဇောတရေ ဦးမောင်မောင်ဆန်း (မောင်မောင်ဆန်း Gems & Jewellery Trading Co.,Ltd.) နှင့် ကျောက်မျက်ပညာရှင် (SUMMIT ကျောက်မျက်စစ်ဆေး စမ်းသပ်ခန်း) တို့က ကျောက်မျက် အရည်အသွေးနှင့် အတုအစစ်ခွဲခြားခြင်းတို့ကို သင်ကြားပေးခဲ့ကြသည်။

အဆိုပါပညာဒါနသင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေရောင်းဝယ်ခြင်း၊ အခြေခံတွက်ချက်ခြင်း၊ ရွှေပန်းထိမ်၊ ရွှေ၊ ငွေဒင်္ဂါးရွှေအပေါင်ခံခြင်း၊ ကျောက်မျက်ပညာ၊ အသုံးချရွှေသင်္ချာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်းအစရှိသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ငွေပေးအပ်

**ချောင်းဆုံ အောက်တိုဘာ ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအဆင်ပြေစေရေးနှင့် မွေးမြူရေး အသားငါးကဏ္ဍ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ဝင်းစိန်မွေးမြူရေးနှင့် အထွေထွေစီးပွားရေးသမဝါယမ အသင်းလီမိတက်သို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိက နွားမွေးမြူသူ အသင်းဝင် ၂၁ ဦးအတွက် မတည်ထောက်ပံ့ငွေကျပ် ၁၅၄ သိန်းကျော် မတည်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# သထုံမြို့ရှိ အားမာန်သစ်ရောင်းဝယ်ရေး သမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်

**သထုံ အောက်တိုဘာ ၁၀**

မွန်ပြည်နယ် သထုံမြို့ အားမာန်သစ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို အောက်တိုဘာ ၈ ရက်က အဆိုပါအသင်းဆိုင်၌ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာစိုးက အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူတို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင်ကာ ငါးနှစ်တာ ဆက်လက်တာဝန်ယူဆောင်ရွက်ကြမည့် အမှုဆောင်သစ်များအား စိစစ်ရွေးချယ်ပေးခဲ့ကြပြီး အသင်းသားအားလုံးတို့၏ အတည်ပြုချက်ရယူကာ ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ကလေးမြို့၌ သန်းခေါင်စာရင်း ကိုးရက်မြောက်နေ့ ဆက်လက်ကောက်ယူ

**ကလေး အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အင်ဒိုင်းကြီးကျေးရွာအုပ်စု မော်လိုက်ကလေးကျေးရွာအုပ်စုများတွင် သန်းခေါင်စာရင်းနှင့် မြေပြင်ကွင်းဆင်းကောက်ယူနေမှုများ ကိုးရက်မြောက်နေ့အဖြစ် ကလေးခရိုင်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်း၍ အနီးကပ်ကြည့်ရှုအားပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**






မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန် - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံ - တင်စိုး
သတင်းထောက်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် - သန်းထွန်းအောင်နှင့် အဖွဲ့
ဒီဇိုင်း
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ သူနာပြုနှင့် သားဖွားများ လိုင်စင်သက်တမ်းတိုးနိုင်ရေးအတွက် CPD စနစ် အသုံးပြုကြရန်ဆွေးနွေး

**ပုသိမ် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီတို့ကြီးမှူး၍ Dissemination of Continuing Professional Development (CPD) Guideline and Relicensing Process for Nurse and Midwives ဆွေးနွေးပွဲကို ပုသိမ် ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ သူနာပြုနှင့် သားဖွားများ လိုင်စင်သက်တမ်းတိုးနိုင်ရေး အတွက် CPD စနစ်ကို အသုံးပြုကြရန် ဆွေးနွေးပြောကြားသည်။ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဆေးပေးခန်းများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများနှင့်ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများမှသူနာပြု/သားဖွားကိုယ်စားလှယ် ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




**၁၀ - ၁၀ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၅၀၅ | ၄၃၄၃၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၉၁၇ | ၃၁၁၇၈၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀ | ၁၉၀၀ | ၂၀၂၇ | ၃၈၅၁၃၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၇၀၁ | ၁၁၉၁၇၀၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၄၅၀ | ၃၄၅၀ | ၉၅၀ | ၃၂၇၇၅၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၀ | ၀ |

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှ စတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ ဇေယျာသီရိ (၄)ရပ်ကွက်၊ စည်ပင်သာလမ်းနေ (ဘ)ဦးတင်နွယ် ၏သမီး ဒေါ်အေးအေးနွယ် ၆/မမန(နိုင်)၁၂၅၀၈၀ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၁၇-၁၀-၁၉၈၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၈၃/ခ)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ်(၁၈၀/ဃ)၊ ဧရိယာ(၀၁၁သမ၀၆၂) ကေ အတွင်းမှ ဧရိယာ (၀၁၁သမ၀၂၈)ကေရှိ မိုဟာမက်အီဘရာဟင်းမားအမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၁၅) နေ ဦးဇော်ထက်အောင် (ခ)အိုဘိုင်ဒါ၊ ဦးထွန်းဝင်းနိုင် တို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ် မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/48440, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၅/မမန(နိုင်)၀၈၁၃၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဖယ/၄၁၅၄၁, Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထက်အောင် ၅/မရန(နိုင်) ၂၇၃၂၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/4576, အမျိုးအမည် Toyota Caldina၊ အမျိုးအစား Station Wago ယာဉ်လက်ဝယ်ရှိသူ ပို့ဆောင်ရေး စီမံကိန်း မှတ်ပုံတင်အမှတ် ဦးစီးဌာန မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်) နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြေသားလမ်း (၇/၀)မိုင် လုပ်ငန်းအား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီ ပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် တင်ဒါဖိတ်ခေါ် အပ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို (၁၁-၁၀-၂၀၂၄)ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး (၂၄-၁၀-၂၀၂၄)ရက် ညနေ (၁၆:၀၀)နာရီတွင် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့် လိပ်စာမှာ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၂၁၂၆၊ ၀၉-၄၅၈၃၂၉၇၆၃၊ ၀၉-၂၅၄၃၀၃၀၁၈ ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ တင်ဒါဖွင့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## "ဂရန်း ဂိုးလ်ဒင်းမောင်းတိန်း ဟိုးလ်ဒင်း(စ်)ကုမ္ပဏီ လီမိတက်" (GRAND GOLDEN MOUNTAIN HOLDINGS COMPANY LIMITED)

**(အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၁၀)ရက်နေ့ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှယ်ယာရှင်၊ ဒါရိုက်တာ အဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊ ဒေါ်ခင်သန်းဦးအား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန် တို့ကို ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။

ဂရန်း ဂိုးလ်ဒင်းမောင်းတိန်း ဟိုးလ်ဒင်း(စ်) ကုမ္ပဏီ လီမိတက် (GRAND GOLDEN MOUNTAIN HOLDINGS COMPANY LIMITED)၏ တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ခင်သန်းဦး ထံသို့ ၉-၁၁-၂၀၂၄ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသော ကြွေးမြီများအား သတ်မှတ်ပုံစံဖြင့် ခိုင်လုံသော သက်သေခံအထောက်အထားများနှင့်အတူ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်ပါရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည် မဟုတ်ကြောင်းကိုလည်း အသိပေးအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ခင်သန်းဦး** | **ဦးသန်းမြင့်(ခ)ခေါ်တင်အိန်** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **ဒါရိုက်တာ** |
| **(၅/ဘီ)၊ နှင်းဆီကွန်ဒို၊** | **ဂရန်း ဂိုးလ်ဒင်းမောင်းတိန်း** |
| **အမှတ်(၁၈၂/၁၉၄)၊** | **ဟိုးလ်ဒင်း(စ်)ကုမ္ပဏီလီမိတက်** |
| **ဗိုလ်တထောင်ဘုရားလမ်း၊** | **GRAND GOLDEN MOUNTAIN** |
| **ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊** | **HOLDINGS COMPANY LIMITED)** |
| **ဖုန်း-၀၉-၂၅၀၅၀၇၁၀၁** | |

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် BGO/14330 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ် ၁၇၂၊ ဦးပိုင်အမှတ်(၈/၈၃)လမ်း၊ ၂၄x၂၅ကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ အာကာမိုဟာမက်ဂျဝတ်ရှီရာဇီထံမှ မှတ်ပုံတင်စာချုပ်အမှတ် ၃၈/၁၉၆၀ အရ AM ရှီရာဇီအား လွှဲပြောင်းပေးခဲ့ပြီး၊ ၎င်းထံမှ မှတ်ပုံ တင်စာချုပ်အမှတ် ၇၁/၁၉၆၈ဖြင့် MH ရှီရာဇီအား လွှဲအပ်ပေးခဲ့ပြီး၊MH ရှီရာဇီ ကွယ်လွန်၍ မန္တလေးခရိုင်တရားရုံးတော်၊ တရားမအထွေထွေမှုအမှတ် (၃၇/ ၂၀၂၀) ဖြင့် ပိုင်ဆိုင်ခဲ့ကြသော တူ ဦးစံစံ ၁၂/ဗဟန(နိုင်)၀၄၂၇၂၇၊ တူမ ဒေါ်ဖြူပြာအေး ၉/မနမ(နိုင်)၀၉၂၈၂၇၊ ဇနီး ဒေါ်ဖေရိုဇာ ၉/မနမ(နိုင်) ၀၉၁၉၅၄တို့က မှတ်ပုံတင်စာချုပ်များ၊သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )**
**မော်လမြိုင်ခရိုင်တရားရုံး**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၂**

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) | **နှင့်** | ၁။ ဦးသက်ဦး |
| (၎င်းဘဏ်၏ကိုယ်စားမန်နေဂျာ | | ၂။ ဦးတင်ဆွေ |
| ဦးထင်ကျော်) | | ၃။ ဦးတင်ညို |
| **တရားလို** | | **တရားပြိုင်များ** |

ကျိုက်မရောမြို့၊ လှကဇိုင်းကျေးရွာအုပ်စု၊ မယ်တရိုရွာနေ ဦးသက်ဦး၊ ဦးတင်ဆွေ၊ ဦးတင်ညို (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင့်အပေါ်၌ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)က ဘဏ်ချေးငွေအရင်းအတိုးနှင့် နောက်ကျကြေး ငွေကျပ် ၁၉၂၉၈၄၀၁၆.၁၇ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်၊ (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လကွယ် ၁၄ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင် မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးသီရိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3A-8795 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊(၈/၁)မြို့မရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၂၃၉/က)တွင် **"ATK"** အမည်ဖြင့် ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ သောက်ရေသန့်စက်ရုံများမှ အမည်တူရှိနေပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွက်ကဲရေး ဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မနော်အက်စတာချစ်ထွန်း**
**ဖုန်း-၀၉-၈၉၇၇၃၃၉၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ ရိပ်သာရပ်ကွက်၊ ရန်ကင်း (၂)လမ်း၊ အမှတ် (၂၈)တွင် **"အနောတတ်ရေစင်"**အမည်ဖြင့် ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ သောက်ရေသန့်စက်ရုံများ အမည်တူရှိနေပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းမင်းလတ်(ပိုင်ရှင်**
**ဖုန်း-၀၉-၄၂၂၆၅၆၈၅၈**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၄၄)ထမွနဲကွင်း၊ မြေကွက်အမှတ်(၁/၈+၁/ ၉+၁/၁၀+၁/၁၁)၊ မြေဧရိယာ ၀.၂၈၈ ဧကအား တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၁၇-၁-၁၉၉၈) ရက်စွဲပါစာအမှတ် ၅၄၀/၅-၄/တယက (တနင်္သာရီ)အရ အဆောက်အအုံအဖြစ် အသုံးပြုရန် ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း အမည်ဖြင့် လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသောအမိန့် ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း၊ ၆/မအရ(နိုင်)၀၂၇၀၂၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၈၈၊ ဦးပိုင်အမှတ် ၂၆/၂၆လမ်း၊ ၈၇x၈၈ ကြားရှိ ဒေါ်ခင်ဆွေ အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးစိုးဝင်း၊ မိခင် ဒေါ်ခင်ဆွေ၊ သား ဦးဇော်ဝင်း၊ သမီး ဒေါ်နီနီနေဝင်း(ခ)နီလာဝင်း ကွယ်လွန်၍ ကျန်ရစ်သူသားသမီး ချွေးမသားမက်များဖြစ်ကြသော ဒေါ်အေးအေးပြုံး ၉/အမရ(နိုင်)၀၀၅၅၄၇၊ ဒေါ်သိန်းသိန်းဝင်း ၉/မနတ(နိုင်)၀၁၀၀၉၅၊ ဦးနေဝင်း ၉/မနတ(နိုင်)၀၁၀၀၀၂၊ ဒေါ်စန်းစန်းဝင်း ၉/မနတ(နိုင်)၀၁၀၀၀၃၊ ဦးသန်းဝင်း ၉/မနတ(နိုင်)၀၁၀၀၀၄၊ ဦးသက်ထွန်း ၉/မရမ(နိုင်)၀၃၅၃၂၉၊ ဒေါ်နုနုဝင်း ၉/မနတ(နိုင်)၀၁၀၀၉၃၊ ဒေါ်သူဇာဝင်း ၉/မနတ(နိုင်)၀၁၀၀၉၄တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)**
**မြဝတီခရိုင်တရားရုံးတော်၌**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅**

| | | |
|---|---|---|
| ဒေါ်နန်းမြင့်မြင့်ဝင်း | **နှင့်** | ဒေါ်တင်သီတာထွန်း |
| **(တရားလို)** | | **(တရားပြိုင်)** |

မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ သုခလမ်းတွင် နေထိုင်သူ ဒေါ်တင်သီတာထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းမြင့်မြင့်ဝင်းက မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၃၀ရက်(၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၃ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမြင့်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်- ၂၁၊နည်းဥပဒေ-၂၂)**
**မင်္ဂလာဒုံခရိုင်တရားရုံး**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀နှင့် ဆက်သွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၃**

| | | |
|---|---|---|
| ဦးမျိုးထွန်း(၎င်း၏အခွင့်ရ | **နှင့်** | ၁။ ဦးသက်နိုင် |
| ကိုယ်စားလှယ် ဒေါ်ခိုင်သူစိုး) | | ၂။ ဒေါ်အိရွှေစင် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

(၁) တရားရှုံး ဦးသက်နိုင်၊ (၂) တရားရှုံး ဒေါ်အိရွှေစင်၊ အမှတ် ၂၃၀၀/ခ၊ အောင်မေတ္တာလမ်းမကြီး၊ (ထ/၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

မင်္ဂလာဒုံခရိုင်တရားရုံး၊ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမျိုးထွန်း(၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်ခိုင်သူစိုး) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ရက် (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၈)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ် (၃၃)၊ ရေပုန်းကွင်း၊ ဦးပိုင်အမှတ် (၂၁/က/က)မြေဧရိယာ ၀.၁၇၀ဧကအား ခရိုင်မြေမှုအမှတ် ၂၁/၂၀၂၁-၂၀၂၂အရ ဦးစန်းမောင်၊ ဒေါ်အေးအေးမူတို့အမည်ဖြင့် ရရှိခဲ့ပြီး ၂၂-၆-၂၀၂၄ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန်အား (အသစ်)လျှောက်ထားနိုင်ရေး ဦးစန်းမောင် ၆/ကစန(နိုင်) ၀၀၃၄၇၄၊ ဒေါ်အေးအေးမူ ၆/ထဝန(နိုင်)၀၂၅၈၆၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေး ရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ အကွက်အမှတ် (၁၀)၊ အကွက်အမည်နတ်အိမ်အကွက်၊ ဦးပိုင်အမှတ် (၃၈)၊ မြေဧရိယာ (၀.၁၃)ကေအနက်မှ မြေဧရိယာ (၀.၀၆)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ် (၃၈)
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - လမ်း
(င) မြောက်လားသော် - ဦးပိုင်အမှတ် (၃၉)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေအမည်ပြောင်း) ပေးရန် ဦးသန်းလွင်ပါ (၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၆ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို လုပ်ကိုင်လိုသူများသည် ကြော်ငြာတွင်ပါသည့်ရက်မှစ၍ (၁၇-၁၀-၂၀၂၄) ရက် (ကြာသပတေးနေ့) ညနေ(၄:၃၀)နာရီ တွင် နောက်ဆုံးထား၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးတွင် တင်ဒါစည်းကမ်းများကို တစ်စုံလျှင် ကျပ် ၃၀၀၀၀/-နှုန်းဖြင့် ဝယ်ယူ၍ ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

(၁) စေတီတော်ကြီး၊ အရံစေတီနှင့် ရင်ပြင်တော်ရှိ အရံစေတီများ ငြမ်းဆင်ခြင်းလုပ်ငန်း

(၂) စေတီတော်ကြီး၊ အရံစေတီနှင့် ရင်ပြင်တော်ရှိ စေတီများကို ရွှေမှိုက်ဟောင်းများ ချွတ်ယူခြင်း

လုပ်ငန်းအသေးစိတ်သိရှိလိုပါက ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး၌ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၈၂၀၂၀၈၆၊ ၀၁-၈၂၀၁၇၆၄ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို လုပ်ကိုင်လိုသူများသည် ကြော်ငြာတွင်ပါသည့်ရက်မှစ၍ (၂၀-၁၀-၂၀၂၄) ရက် တနင်္ဂနွေနေ့ ညနေ (၄:၃၀) နာရီ နောက်ဆုံးထား၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးတွင် တင်ဒါစည်းကမ်းများကို တစ်စုံလျှင် ကျပ် ၃၀၀၀၀/- နှုန်းဖြင့် ဝယ်ယူ၍ ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

(၁) ၉ လက်မပတ်လည် ရွှေစင်ရွှေပြား ကပ်လှူခြင်း လုပ်ငန်း

(၂) စေတီတော်ကြီးနှင့် အရံစေတီများ၊ ရင်ပြင်တော်ရှိ စေတီများရွှေသင်္ကန်းကပ်လှူခြင်း(လက်ခ)လုပ်ငန်း

(၃) ၂ လက်မပတ်လည် ရွက်ရေ (၁၀၀)ပါ ရွှေဆိုင်း (၇၅၀၀)ဆိုင်း တင်သွင်းခြင်းလုပ်ငန်း

အသေးစိတ်သိရှိလိုပါက ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ရုံး၌ လူကိုယ်တိုင်ဖြစ်စေ ဖုန်း - ၀၁-၈၂၀၂၀၈၆၊ ၀၁-၈၂၀၁၇၆၄ တို့သို့ ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## Quick Access Loan (QAL), Personal Loan၊ Shopper Loan နှင့် Shopper Installment Loan

## ချေးငွေများ ပြန်လည်ပေးဆပ်ရန် အသိပေးကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်မှ Quick Access Loan (QAL)၊ Personal Loan၊ Shopper Loan နှင့် Shopper Installment Loan ချေးငွေများ ရယူထားပြီး ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူတို့အား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကမ္ဘောဇဘဏ်လီမိတက်၏ Customer တို့အား Quick Access Loan (QAL)၊ Personal Loan၊ Shopper Loan နှင့် Shopper Installment Loan ချေးငွေများခွင့်ပြုထုတ်ချေးခဲ့ပါသည်။ ချေးငွေရယူသုံးစွဲခဲ့သူများ အနက်မှသုံးစွဲခဲ့သည့် ချေးငွေများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများရှိနေကြပါသည်။

သို့ဖြစ်ပါ၍ ကမ္ဘောဇဘဏ်လီမိတက်မှ Quick Access Loan (QAL)၊ Personal Loan၊ Shopper Loan နှင့် Shopper Installment Loan ချေးငွေရယူထားပြီး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေကြသူများအနေဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကမ္ဘောဇဘဏ်လီမိတက်သို့ ဆက်သွယ်ကာ ညှိနှိုင်းပေးဆပ်ကြရန်နှင့် ချေးငွေပေးဆပ်ရန် ဆက်လက်ပျက်ကွက်ပါက ဥပဒေကြောင်းအရ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**Legal & Compliance Function**
**ကမ္ဘောဇဘဏ်လီမိတက်**
**အမှတ် (၅၃)၊ Strand Square Office၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၂၃၀၇၀၉၁**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြုရန် ရှေးဦးပြုစုခြင်းဆေးအိတ်(အကြီး)၊ သုံးထောင့်ပတ်တီးနှင့် ရှေးဦးပြုစုခြင်းဆိုင်ရာသင်ထောက်ကူပစ္စည်းများအား အမြန်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။

| | | |
|---|---|---|
| **တင်ဒါပုံစံများ ထုတ်ယူရမည့် နေ့ရက်နှင့်အချိန်** | - | ၁၁-၁၀-၂၀၂၄ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံများ နောက်ဆုံး ထုတ်ယူနေ့ရက်နှင့်အချိန်** | - | ၁၅-၁၀-၂၀၂၄ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** | - | ၂၃-၁၀-၂၀၂၄ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ** | - | မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ်-၄၂၊ ကမ်းနားလမ်း၊ ၄-လွှာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၈၃၉၂၈~၃၀ (လိုင်းခွဲ-၁၁၉) များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် အထောက်အပံ့ပေးရန်အတွက် လိုအပ်သော အစားအသောက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။

| | | |
|---|---|---|
| **တင်ဒါပုံစံများထုတ်ယူရမည့်အချိန်နှင့်နေ့ရက်** | - | ၁၁-၁၀-၂၀၂၄ရက် နံနက်၁၀ နာရီမှညနေ ၄ နာရီအထိ |
| **တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့် အချိန်နှင့်နေ့ရက်** | - | ၁၅-၁၀-၂၀၂၄ရက် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ |
| **တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့် အချိန်နှင့်နေ့ရက်** | - | ၂၃-၁၀-၂၀၂၄ ရက် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ |
| **တင်ဒါပုံစံများကို- ထုတ်ယူရမည့် နေရာ** | | မြန်မာနိုင်ငံကြက်ခြေနီ အသင်း၊ ရန်ကုန်ရုံး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန၊ အမှတ်(၄၂)၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်ကို သိရှိရန် ဖုန်း-၀၁-၈၃၉၂၀၂၈၊ ၈၃၉၂၀၂၉၊ ၈၃၉၂၀၃၀ (လိုင်းခွဲ- ၁၁၉)၊ ၀၉-၇၉၈၈၉၆၅၁၅သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၁၁၊ ဦးပိုင် ၁၀က ခဲစင်းအနောက်ခြမ်း/၃၁x၃၂ ကြား၊ လမ်း ၉၀xသင်္ဂဇာချောင်းအရှေ့ဘက်ပတ်လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးအောင်ဂျမ်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၂၂၆/၂၀၂၃)ဖြင့် ဇနီး ဒေါ်ခင်ညွန့်က အမွေဆက်ခံခဲ့ပြီး၊ မိခင် ဒေါ်ခင်ညွန့်၊ သား ဦးဝင်းမင်းအောင် (လူပျို၁၀)တို့ ကွယ်လွန်ပြီး သမီး ဒေါ်ခိုင်ခိုင်စုသည် မိဘများထက်စော၍ ကွယ်လွန်ခဲ့ပါသဖြင့် အမွေဆက်ခံစာချုပ်အမှတ် (၁၅၉၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသော ဒေါ်တိုးတိုးခိုင် ၉/မနတ(နိုင်)၀၉၇၆၈၄၊ မသိမ့်နဒီဝင်း ၉/ခအဇ(နိုင်) ၀၅၇၆၆၉၊ မောင်ဟိန်းထက်နိုင် ၉/ခအဇ(နိုင်)၀၅၇၆၇၀တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၆၁၈၅၅၊ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မျိုးထွန်း ၆/မမန(နိုင်) ၂၃၇၅၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁ (က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၇၁+၇၂+၇၃+၇၃/၁၂၂၃+၇၃/၁၂၂၄)၊ စုစုပေါင်း မြေဧရိယာ (၀ဒသမ၃၁၂)ဧကအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၂၇-၂-၁၉၉၈)ရက်စွဲပါစာအမှတ် ၅၄၀/၅-၄/တယက(တနင်္သာရီ)အရ အဆောက်အအုံအဖြစ် အသုံးပြုရန် ဦးရှမ်းဝင်း (ခ) ဦးစိုးသိမ်း အမည်ဖြင့် လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသော အမိန့်ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း ၆/မအရ(နိုင်) ၀၂၇၀၂၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၁၄၅၀၅၊ Honda Wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၆/တသရ(နိုင်)၀၀၀၂၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

